

စိတ်ကူးချိုချိုအနုပညာ
mgyoe.com



တတိယအကြိမ်

mgyoe.com



ISBN9789997115898

BTY7

9 789997 115898

2,300.00KS

mgyoe.com

ရှန်ရှင်၊ ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)
မျက်နှာဖုံးပန်းချီ - စိုးသင်းငြိမ်း
စာမျက်နှာ ၁၅၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၅ ငြိမ်းချမ်းစာအုပ်တိုက်၏ ဒုတိယအကြိမ်မူ၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# ဂွန်န်းရှင် ဗိုလ်တာရာ
## (ရဲဘော်သုံးကျိပ်)

တတိယအကြိမ် ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အရှေ့နှင့်အနောက်

စိတ်တန်ခိုးသတ္တိသည် အင်မတန် ဆန်းကြယ်သလောက် အံ့သြဖွယ်ရာ အချက်အလက် အကြောင်းအရာများဖြင့် ရောပြွမ်းပြည့်နှက်လျက် ရှိပေသည်။ စိတ်တန်ခိုး သတ္တိအကြောင်းအရာကို တွေးကြ၊ ရေးကြသူများစွာ ရှိခဲ့ပေ၏။ ကိုယ်သန်ရာ၊ ကိုယ်မြင်ရာ၊ ထင်ရာရေးချက်တွေလည်း ရှိခဲ့သလို အမှားအမှန် ကိစ္စများ၊ တွေးခေါ်ချက်များနှင့်တကွ အလွန်ထက်မြက်သော ထူးဆန်းလှစေသည့် ဖြစ်ရပ်အကြောင်းအရာ အတ္ထုပ္ပတ္တိတွေလည်း ရှိခဲ့ကြသည်ကို မည်သူမျှ ငြင်းဆိုနေကြလိမ့်မည် မဟုတ်ချေ။ မြန်မာဗုဒ္ဓဘာသာဝင်တို့သည် နာမ်ဝါဒ သို့မဟုတ် စိတ်ဝါဒကို အကြွင်းမဲ့ယုံကြည်လိုက်စားကျင့်သုံးနေကြပေ၏။ သို့သော် ဥရောပတိုက်သားတို့အဖို့ ရုပ်ဝါဒကို တစ်ယူသန် လိုက်စားကြသည်။ ကိုယ်သန်ရာ၊ ကိုယ့်အယူအဆ၊ ကိုယ့်ဝါဒနှင့်ကိုယ် သင့်သလို၊ ယုံကြည်သလို၊ တတ်ကျွမ်းသလို စခန်းသွားကြခြင်းသာ ဖြစ်ပေ၏။

သုံးဆယ့်တစ်ဘုံ၌ အတုမရှိသော တန်ခိုးတော်ရှင်၊ ဉာဏ်တော်ရှင် ဗုဒ္ဓကိုယ်တော်မြတ်ကြီးကလည်း စိတ်၏အဓိကအပိုင်းနှင့် အရေးကြီးခဲ့ပုံတို့ကို အင်မတန် ကျယ်ဝန်းစွာ ဟောပြောမိန့်ကြားခဲ့ပေ၏။ ဗုဒ္ဓဘုရားရှင်၏ ရွှေဉာဏ်တော် ကွန်ရက်အောက်ဝယ် စာရေးသူအပါအဝင် ပုဂ္ဂိုလ်တိုင်းက

mgyoe.com

mgyoe.com


လည်း တတ်နိုင်သမျှ အချိန်ရခိုက် လေ့လာဆည်းပူးကာ ကိုယ်ကျင့်တရားကို အကြောင်းပြု၍ စိတ်ပညာ၏ ထူးဆန်းအံ့ဖွယ်ရာများကို ချဉ်းကပ်လေ့လာခွင့် ကြုံကြိုက်ခဲ့ပေ၏။

စာရေးသူကိုယ်တိုင် လေ့လာသိရှိရသလောက်မှာ ပြောမယုံ ကြုံမှသိ ဆိုသည့်စကားအတိုင်း စာရေးသူ၏ ပင်ကိုအဆင့်အတန်းနှင့် လျော်ညီစွာ အတော်အံ့သြဖွယ်ရာ အဖြစ်အပျက်များ၊ အတွေ့အကြုံများကို လေ့လာတွေ့ ကြုံခွင့် အကျိုးထူးအနေနှင့် ရရှိခဲ့ပေ၏။ ထို့ကြောင့်လည်း စာရေးသူသည် ရောင်းရင်းဖော် ဗိုလ်ကြီးအောင်မင်းကျော်၏ ဖြစ်ရပ်အတ္ထုပ္ပတ္တိများကို မှတ်တမ်းတင်ရာ၌ "တောင်တန်းဇာရီဝတ္ထုကြီး"အနေနှင့် စာရေးသူ၏ နာမ်ဝါဒ ယုံကြည်ချက် တစ်ပိုင်းတစ်စကို အုတ်မြစ်ခံကာ စာပေတရားခွင်သို့ ပို့ဆောင်တင်ဆက်ခဲ့ပေ၏။

အမှန်အတိုင်းဝန်ခံရလျှင် ဗိုလ်ကြီးအောင်မင်းကျော်၏ နောက်ဆက် တွဲကိစ္စများကိုလည်း လက်ရှိအခြေအနေများအရ ဆက်လက်မဖော်ပြနိုင် သဖြင့် ချန်လှပ်ခဲ့ရပေ၏။ ရှေ့ကာလအဖို့ အကျိုးအကြောင်း ကိုက်ညီသင့် လျော်မှ အခွင့်အလမ်း ကြုံကြိုက်သည့် ကာလများတွင် ဗိုလ်ကြီးအောင်မင်း ကျော်တို့၏ နောက်ဆက်တွဲကိစ္စများကို ဆက်လက်ရေးသားဖော်ပြရန် ကြိုးစားရပေလိမ့်မည်တကား။

ယခုဝတ္ထုအနေနှင့် ဖော်ပြရမည့်ဖြစ်ရပ်များ၊ ဖုံးကွယ်၍ မရနိုင်စတမ်း လူသိအလွန် များပြားလှသော ဖြစ်ရပ်မှန် အမြောက်အမြားရှိပေ၏။ ဖြစ်ရပ်မှန် များတွင် ပါဝင်ခဲ့သော၊ ခံစားခဲ့ကြရသော ကာယကံရှင်များ၏ ဆွေမျိုးသား ချင်း၊ အဆက်အနွယ်များပင်လျှင် ခုတော်လှန်ရေးခေတ်တိုင် ရှိနေကြခြင်း ကြောင့်သာ ပုဂ္ဂိုလ်ရေးနှင့် လူမှုရေးကိုင်ငဲ့ကွက်ကာ နေရပ်မှန်၊ ပုဂ္ဂိုလ်နာမည် များကို တိတိကျကျ အမှန်အတိုင်းရေးသား ဖော်ပြခြင်းကိုရှောင်ရှားကာ နာမည်တစ်မျိုး၊ သို့မဟုတ် တွဲဖက်နာမည် နေရပ်များကိုတပ်ကာ နောက် ကွယ်မှာ တကယ်ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်မှန်များကို စာပေတရားခွင်သို့ တင်ပို့အစီရင်ခံရပေလိမ့်မည်။

ဖော်ပြပါ ဖြစ်ရပ်မှန်များနှင့် ပတ်သက်၍စာရေးသူသည် ထိုအချိန် အခါက လူမှန်း၊ သူမှန်းသိတတ်စ ခြောက်တန်းကျောင်းသား တစ်ဦးအနေ

mgyoe.com

mgyoe.com


နှင့် ဖြစ်ရပ်မှန်တွင် ပါဝင်တွေ့ကြုံခဲ့ကြသည့် စာရေးသူ၏အစ်ကို ပုလိပ်အရာရှိနှင့် သူ၏အမှုထမ်းဖက် ပုလိပ်အမှုထမ်း၊ မိတ်ဆွေအချင်းချင်း အရေးတကြီးတိုင်ပင်ပြောဆိုနေကြရာတွင် ဖော်ပြပါသတင်းဂယက်ကြောင့် ထိုခေတ်ထိုအခါက လူထုကြီးတစ်ရပ်လုံး၏ ပါးစပ်ဖျားဝယ် အချိန်အခါမရွေးတမ်းသတင်းဂယက် တိုက်ခိုက်မှုအရှိန်အဟုန် ရလဒ်များ၏ အကြောင်းအရာများကို စုပေါင်းမှတ်မိသရွေ့ကို မှတည်ကာ စာရေးသူကိုယ်တိုင် အတတ်နိုင်ဆုံးအချက်အလက်မှန်များ၊ အကြောင်းအရာမှန်များကို နှစ်ရှည်လများ စုဆောင်းကာ ဖော်ပြပါ ဒေသမှရွာသူရွာသား တော်တော်များ၏ သတင်းပို့အစီရင်ခံချက်များကိုပါ ရရှိအောင် တပင်တပန်း အချိန်ယူ၍ ဖြစ်ရပ်မှန်များကို စာပေပရိသတ်သို့ တစ်ဆင့်ပို့ဆောင်ကာ အစီရင်ခံခဲ့ခြင်းပင် ဖြစ်ပါသည်။

ထိုခေတ်ထိုအခါက ဗြိတိသျှနယ်ချဲ့အစိုးရ၏ ဘုန်းမီးနေလ ထွန်းပခိုက်အချိန်အခါ ဖြစ်ပေ၏။ ဗြိတိသျှအစိုးရ၏ အလိုဆန္ဒကို ဆန့်ကျင်ဘက်ပြုငံ့သူမှာ ရှားမှရှားသော အချိန်အခါလည်း ဖြစ်ပေ၏။ တိုင်းပြည်၏ အညွန့်အဖူးများ၊ တိုင်းပြည်၏ ခေါင်းပိုင်းနှင့်တူသည့် နိုင်ငံရေးသမားများနှင့် ဦးနှောက်ပိုင်းနှင့်တူသည့် ပညာတတ် လူတန်းစားအားလုံးလိုလိုပင် ဗြိတိသျှအစိုးရ၏ စိတ်ကြိုက်ကို ကပ်ပါးရပ်ပါးလုပ်ကာ မိမိရာထူး ဥစ္စာစနေ တည်မြဲရေးအတွက် အလုအယက် ကြိုးစားကြသည့် အချိန်အခါလည်း ဖြစ်ကြောင်းကို မှတ်မိခဲ့၏။ သို့ရာတွင် ဖော်ပြပါ အဖြစ်ပျက်ကိစ္စများတွင် ဗြိတိသျှအစိုးရ၏ဝါဒနှင့် ဆန့်ကျင်၍ လက်ပါးစေ အမှုထမ်းအရေးပိုင်နှင့် ရာဇဝတ်ဝန်ကြီးတို့၏ အမိန့်အာဏာကို ဖီဆန်ကာ အင်မတန်ခေါင်းမာလှသော ကျေးရွာသူ၊ ကျေးရွာသားများ ဆန္ဒပြခြင်း၊ ဥပဒေအမိန့်ကို ဖောက်ဖျက်ခြင်း အပြုအမူများစွာ ပေါ်ပေါက်ခဲ့သည်ကိုလည်း စာရေးသူမှတ်တမ်းတွင် တွေ့နိုင်ပေ၏။ ဘာသာရေးနှင့် သာသနာရေးကို အကြောင်းပြု၍ တစ်နယ်လုံးလှုပ်လှုပ်ရွရွဖြစ်ခဲ့သည့် နောက်ပိုင်းတွင် ဗြိတိသျှနယ်ချဲ့ အစိုးရသည် သူတို့၏ပြုမူဆောင်ရွက်ပုံ လမ်းမမှန်မှန်း ရိပ်မိလာခြင်း၊ သူတို့အရေးယူ ဖမ်းဆီးထားသည့် တရားခံကိုယ်တိုင်၌ အပြစ်မရှိ၊ သာသနာရေးသက်သက် လုပ်ကိုင်နေမှန်းကို ကောင်းစွာသိရှိသွားသည့် နောက်ပိုင်း၌ ပရိယာယ် အလိမ္မာသုံးကာ သူတို့၏ မဟာအမှားကြီးအဖြစ် ကျန်ရစ်စေခဲ့သည့် ပြုမူချက်ကို ဆင်သေကို

mgyoe.com

mgyoe.com


ဆိတ်သားရေနှင့်ဖုံး သည့် နိဂုံးချုပ်ကားချပ်ကို အတင်းချကာ ဖော်ပြပါအမှုကို အတင်းပိတ်ပစ်လိုက်ရပေ၏။

သို့ရာတွင် သူတို့၏လက်ပါးစေ ပုလိပ်များ၏လက်ရာနှင့်၊ ရဲဌာန၏ မှတ်တမ်း အမှုတွဲစာရင်း(G.D) ခေါ် နေ့စဉ်မှတ်တမ်းကြီးကိုမူကား ရုတ်တရက် ဖျောက်ဖျက်ချိန်မရလိုက်ဘဲ ယခုကဲ့သို့ စာပေတရားခွင်သို့ ရောက်အောင် ပို့ဆောင်ရေးအတွက် ခိုင်လုံသောအထောက်အကူကို ရရှိစေမည့် တရားဝင် စာချုပ်စာတန်း၊ စာရွက်များအနေဖြင့် စာရေးသူလက်ဝယ် ရောက်ရှိခဲ့ခြင်း ပင်ဖြစ်ပေ၏။

ထို့ကြောင့်လည်း စာရေးသူသည် တရားဝင်စာရွက်စာတန်း၊ အမှုဖွင့် တိုင်ချက်များအရလည်းကောင်း၊ သက်ဆိုင်ရာနီးစပ်ရာ ပုလိပ်အမှုထမ်းများ ၏ပြောဆိုနေကြသည့်စကားများကိုလေ့လာ၍လည်းကောင်း၊သက်ဆိုင်ရာ ကျေးရွာလူထုနှင့် မျက်မြင်ကိုယ်တွေ့ ပုဂ္ဂိုလ်များကို စာရေးသူကိုယ်တိုင် စစ်မေးရရှိခဲ့ခြင်းများအကြောင်းပြု၍ လည်းကောင်း၊ ခိုင်လုံသေချာသော ဖြစ်ရပ်မှန် တရားဝင်အကြောင်းအရာများအနေနှင့် ဤဂူနန်းရှင် အတ္ထုပ္ပတ္တိကို စာပေတရားခွင်သို့ တင်ဆက်အစီရင်ခံနိုင်ခြင်းပင်ဖြစ်သည်။

ထိုအချိန်အခါက စာရေးသူကိုယ်တိုင် ကြားသိတွေ့မြင်နေရသော ဖြစ်ရပ် အတိတ်တွေကို ပြန်လည်တွေးတောလိုက်သောအခါတွင်မူကား... စာရေးသူ၏ ရှေ့မှောက်ဝယ် ဖြစ်ရပ်များသည် ရုပ်ရှင်ကားအသွင် တရိပ်ရိပ် ပေါ်ထွက် ထင်မြင်လာမိတော့၏။

* * *

ပျဉ်းမနားမြို့၏ ညနေခင်းသည် ကြည်နူးဖွယ်ရာ သာယာတင့်တယ် နေပါသည်။ နေသည် အနောက်ဘက်သို့ စောင်း၍ဆင်းသွားခိုက်တွင် တိမ် လွှာတွေသည် သဏ္ဌာန်အမျိုးစုံဖြင့် ကောင်းကင်ယံတွင် ကွန့်မြူးရာ ခြယ် လှယ်နေခိုက်ပင် ဆောင်း၏အလယ်ပိုင်းကာလဖြစ်၍ မြောက်အရပ်ဆီက တသွင်သွင် ဆော်သွေးနေသည့်လေပြည်ဝယ် အချမ်းဓာတ်က ခိုစီးကာ လိုက် ပါလာတော့သည်။

ရုံးဆင်းချိန်၊ ကျောင်းဆင်းချိန်ဖြစ်၍ မိမိတို့နေအိမ်ဆီသို့ တစုတဝေး

mgyoe.com

mgyoe.com


ကြီး ပြန်လာကြသည့် ကျောင်းသားကျောင်းသူများ၊ ရုံးစာရေး၊ စာချီ အမှုထမ်းများတို့၏ သဏ္ဍာန်စုံကိုလည်း တွေ့နိုင်ပေ၏။

ကျွန်တော်၏ အစ်ကိုတစ်ယောက်ဖြစ်သူ ရာဇဝတ်အုပ်အမှုထမ်းသည် ပျဉ်းမနားရဲဌာနမှ တာဝန်ထမ်းဆောင်ပြီး အိမ်သို့ပြန်ရောက်ရှိကာ နေ့စဉ်သတင်းစာတစ်ဆောင်ကို ဟန်ကျပန်ကျနှင့် ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် ဖိမ်နှင့် ဖတ်ရှုအပန်းဖြေနေခိုက် ဖြစ်ပါသည်။

"ဟော့ တရုတ် ဘယ့်နှယ်လဲဟေ့၊ သိပ်ပင်ပန်းနေပြီလားကွ"

ခပ်ကျယ်ကျယ်အသံနှင့်အတူ ကျွန်တော်တို့မိသားစု နေထိုင်ရာတိုက်ခန်းအတွင်းသို့ ခပ်ပုပု၊ ဝဝဖိုင့်ဖိုင့်နှင့် ရဲအရာရှိဝတ်စုံနှင့် လူတစ်ယောက် ဟောဟောဒိုင်းဒိုင်း ဝင်ရောက်လာတော့၏။

"ဟော့... စံဝင်းကြီးလားကွ၊ မင်းကတော့ သိပ်ဟန်တာပေါ့ကွာ ဟိုမြို့သွားအမှုလိုက်၊ ဒီမြို့သွားအမှုလိုက်နဲ့ နေ့တွက်စီလို့၊ တို့ဖြင့် ဂါတ်မှာတာဝန်ကျနေတာ သိပ်ဖားတာပဲ..."

ကျွန်တော်၏အစ်ကိုက သူနှင့်ငယ်ပေါင်းကြီးဖော် ကျောင်းနေဖက်ဖြစ်သူ ရာဇဝတ်အုပ်ဦးစံဝင်းကို ဆီးကြိုကာ ပက်လက်ကုလားထိုင်တစ်လုံး ထိုးပေးလိုက်သည်။

ဦးစံဝင်းသည် သူ၏ရာဇဝတ်အုပ်တံဆိပ် တပ်ဆင်ထားသည့် ကာကီရှပ်အင်္ကျီကိုချွတ်ကာ အောက်ခံစွပ်ကျယ်လက်စကနှင့် ပက်လက်ကုလားထိုင်ပေါ်တွင် ဝင်ရောက်ထိုင်လိုက်ရင်း.....

"ပျော်ဘွယ် ရဲဌာနတော့ဟေ့ ပွက်လောရိုက်နေပြီလားကွာ၊ အရှေ့ဘက်တစ်လွှားက လူစုလူဝေးနဲ့ ဌာနကို ဝိုင်းသလိုဖြစ်နေတယ် သူငယ်ချင်း၊ ဌာနအုပ် နားပေါက်ကြီးကို ဒီအက်စ်ပီက ကိုယ်တိုင်လာပြီး ကြိမ်းသွားလေရဲ့၊ အမှုကတော့ သိပ်ဆန်းတယ်ဟေ့..."

သူ၏ ကိုယ်တွေ့ကြုံခဲ့သော ပျော်ဘွယ်ရဲဌာန၏ ဖြစ်ပျက်ခဲ့သည့် သတင်းကို ပြန်လည်၍ ဖောက်သည်ချလိုက်ရာ...

"ဘယ်လိုလဲကွ ဖိုးဝရုပ်ကြီး၊ လုပ်စမ်းပါဦး၊ နားပေါက်ကြီးက မူးပြီး ရမ်းပြန်ပြီထင်တယ်။ ဒီအဘိုးကြီးကတော့ကွာ လုပ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ၊ မူးလိုက်တာလည်း မိုးမလင်းတော့ဘူး..."

mgyoe.com

mgyoe.com


ထိုခေတ်က အင်မတန်နာမည်ကြီးလှသော ဗျူရိုကရက် ပုလိပ်ဆိုးများ၏ခေတ် ထွန်းကားရာ အချိန်အခါဖြစ်၍ အရာရှိများလုပ်သမျှ တင့်တယ်ချိန်လည်း ဖြစ်ခဲ့သည့်အတိုင်း ဘယ်အရာရှိ အပြင်လောကတွင် ဘယ်လောက်ရမ်းရမ်း၊ ဘာတွေအမှားလုပ်လုပ် အထက်မျက်နှာဖြူအရာရှိကြီးငယ်တို့ကို ကပ်၍ရှိခိုးနိုင်လေလေ၊ ဖားနိုင်လေလေ သူ၏ပြစ်ဒဏ်တွေသည် အလိုလို ပပျောက်စေခဲ့သည့်"ပျောက်စေ"ခေတ်အခါဆိုး ဖြစ်ခဲ့ပေ၏။

ကျွန်တော်၏အစ်ကိုနှင့် ဦးစံဝင်းတို့ ပြောဆိုနေသည့်စကားထဲမှာ "နားပေါက်ကြီး"ဟု ဆိုသောစကားသည် အဓိပ္ပာယ်ရှိလှပေ၏။ ပုလိပ်အမှုထမ်းအိုကြီးများ၊ အဟောင်းကြီးများကို ခေတ်ပုလိပ်ဆပ်ကျောင်းဆင်း၊ ရာဇဝတ်အုပ်တွေက တင်စားနာမည်ပေး၊ ခေါ်ဝေါ်ထားသော နာမ်စား "နားပေါက်"ခေါ်ယူရခြင်းပင်ဖြစ်၏။

ထိုခေတ် ထိုအချိန်အခါက မြန်မာပုလိပ်ကြီးများ ယခုခေတ်အခေါ်ရဲကြီးများသည် အများအားဖြင့် အမှုထမ်းသက်တမ်းရင့်ကြသော လူအိုလူဟောင်းကြီးများသာ ဖြစ်ကြသည်။ ထို့ကြောင့်လည်း သူတို့၌ ထိုးကွင်းမင်ကြောင်များ၊ နားတွင် နားပေါက်ကြီးများ ရှိခဲ့သလို အထက်လူကြီးမှန်သမျှကို အင်ဂတန် ရှိသေကိုင်းရှိုင်းကြသူများလည်း ဖြစ်ပေ၏။

ဗြိတိသျှအစိုးရ အထက်ပိုင်းမှ ဤကဲ့သို့ ပုလိပ်ဟောင်းကြီးများကို သူတို့စိတ်ကြိုက်ကျ၊ သဘောတော်ကျသည့်အတိုင်း ရာထူးတက်ပေး ဘွဲ့ထူး၊ ဂုဏ်ထူးများကို အာဏာပွဲများတွင် ပေးအပ်ကာ သူတို့ဗြိတိသျှ အုပ်ချုပ်ရေးကို တိုးမြှင့်ခိုင်မြဲစေပြီး မြန်မာပြည်ကို ကျွန်သက်ရှည်အောင် လုပ်ကိုင်အသုံးချခဲ့ပေ၏။ အကြောင်းသင့်၍ ထိုခေတ်ထိုအခါက အင်မတန်ခေတ်စား၊ ရေပန်းစားခဲ့သော လာဘ်ထိုးနည်းစနစ်ဟောင်း တစ်ခုကို တင်ပြရပေမည်။

အထက်လူကြီး မျက်နှာဖြူ ရာဇဝတ်ဝန်ကြီး၊ ဝန်ကလေးမှစ၍ အင်စပက်တော်အထိ အခွင့်အာဏာရှိသူများကို ရာထူးတစ်ဆင့်စီ တစ်ဆင့်စီငယ်သူများက အရေးအကြောင်း အမှုအခင်း၊ ရာထူးအတိုးအဆုတ် ရှိလာသည့်ကာလတွင် အင်မတန်ထိရောက်လှသော လာဘ်ထိုးနည်းမှာ မိမိခယ်မ၊ တူမမှစ၍ နောက်ဆုံးသမီးအရင်းနှင့် မိန်းမကိုပင် အထက်လူကြီးများဆီသို့ တိတ်တဆိတ်လွှတ်၍၊ သွားရောက်၍ သူတို့လိုလားချက်ကိစ္စကို အရေးဆို

mgyoe.com

mgyoe.com

ခိုင်းလိုက်၏။ အင်မတန်သိတတ်သော မျက်နှာဖြူ အရာရှိကြီးငယ်တို့သည် တမန်တော်များကို "လေးလေးစားစား" ဆက်ဆံလက်ခံကာ တမန်တော် မချောများ ပြောသမျှကိစ္စ၊ တောင်းသမျှအခွင့်အရေးတွေကို လေးလေးစားစား ပေးကြ၏။ ကိစ္စပြီးလျှင် တန်း၍လက်မှတ်ထိုးကာ ပေးလေ့ရှိကြ၏ – စသည့် နယ်ချဲ့စနစ်၏ ရွံရှာဖွယ်ရာ လာဘ်ထိုးမှုကြီးပင် ဖြစ်ပေ၏။

ကျွန်တော်၏အစ်ကိုနှင့် ဦးစံဝင်းတို့ ပြောဆိုနေကြသည့် "နားပေါက်ကြီး" အမည်ခံဌာနအုပ် ဦးထွန်းဆိုင်သည်လည်း ဖော်ပြပါ လာဘ်ထိုးနည်းတွင် ထိပ်ဆုံးက စာရင်းပေါက်သူဖြစ်ပေ၏။ သူ့၌ ခယ်မနှစ်ဦးနှင့် သမီးသုံးယောက်၊ သားနှစ်ယောက် – စသည့်အိမ်ထောင်ကြီးကို ဦးစီးနေရသူဖြစ်ပြီး ကိုယ့်နာမည် ကိုယ် မနည်းကြိုးစား၍ ထိန်းနိုင်မှ ရာထူးတိုးတက်နိုင်မည်ဖြစ်သည်။ သူသည် ပညာအခြေခံ နည်းပါးသည့် ပုလိပ်ဟောင်းကြီးဖြစ်သဖြင့် သူ့အဖို့ အထက်လူကြီးများ၏ သဘောကျ လုပ်ကိုင်နိုင်ရေးမှာ ဖော်ပြပါ လာဘ်ထိုး နည်းမျိုးစုံနှင့် အထက်မျက်နှာဖြူ သခင်ကြီးများ၏ အလိုတော်ကျသစ္စာကို ဦးထိပ်ပန်ဆင်ကာ အထက်အမိန့်ကို တစ်သဝေမတိမ်း လုပ်ဆောင်ရန်သာ ရှိနေခြင်းပင်ဖြစ်ပါသည်။

ဦးထွန်းဆိုင်သည် ပညာအရည်အချင်း မရှိပါဘဲလျက် ပျော်ဘွယ်မြို့ ရဲဌာနအုပ်ဖြစ်ရခြင်းကို မနာလိုကြသူ ဆပ်ကျောင်းဆင်း အရာရှိများ ရှိနေခဲ့ သော်လည်း ဦးထွန်းဆိုင်၏ စက်ကွင်းနှင့် အာဏာပရိယာယ်များကို ကြောက် ရွံ့နေရ၍ အသာ ဘေးကကြည့်ကာ ရေငုံနေရသူများလည်း ရှိခဲ့သည်။ ဦးထွန်းဆိုင်သည် ဗျူရိုကရက် လက်ဟောင်းကြီးများ၏ ဝါဒလမ်းစဉ် အတိုင်း အထက်ကိုပင့် အောက်ကိုနင်း ဝါဒကို ကျကျနန အသုံးပြုတတ် သူဖြစ်ပြီး အရက်ကိုမူ ရေသောက်သလို မနားမနေ သောက်လေ့ရှိသူ ဖြစ်ပေ ၏။ သူကိုယ်တိုင်ကလည်း အထက်လူကြီးများကို လာဘ်ပေးလာဘ်ယူနည်း အရ ရာထူးတက်ခဲ့သလို ဦးထွန်းဆိုင်အနေနဲ့လည်း လက်အောက်အမှုထမ်း များ၊ သူကြီးများ၊ အမှုသည်များဆီက ငွေကြေး၊ လက်ဆောင်ပဏ္ဏာ၊ ဆိပ်ပုံး၊ အဝတ်အထည်ကစ၍ တံစိုးလက်ဆောင် ယူရေး၌လည်း အင်မတန်ညင်သာ လက်မြောက်သူ၊ ကျွမ်းကျင်သူ ပုလိပ်အရာရှိတစ်ဦး ဖြစ်ပေ၏။

"ပြောစမ်းပါဦး...စံဝင်းရေ၊ ဘယ်လိုကိစ္စတွေ ဆူနေတာလဲ၊ ဒီအက်စ်ပီ

mgyoe.com

mgyoe.com


ကိုယ်တိုင် လာရတယ်ဆိုတာ သိပ်မသေးဘူးနော်။ ဦးထွန်းဆိုင်နဲ့ ဝန်ကြီး ဟာ တို့အသိမှာ ပါတနာမဟုတ်လားကွ၊ မြောက်ဘက်မှာဆိုရင် ဦးထွန်း ဆိုင်ပြီးမှ ဝန်ကြီးပြီးရတာချည်းပဲ..."။

အစ်ကိုက စိတ်ဝင်စားလာပုံဖြင့် မေးလိုက်ရာ ဝဝတုတ်တုတ် ဦးစံဝင်း သည်...

"ဝန်ကြီးလာလည်း လာစရာပဲ၊ ပျော်ဘွယ်တစ်မြို့လုံး သိမ့်သိမ့်တုန်နေ ပြီး ဈေးဆိုင်တွေတောင် ပိတ်ထားရမလို အခြေအနေဆိုးသွားတယ် သူငယ် ချင်း..."

အစချီ၍ သူမြင်တွေ့ခဲ့သမျှကို ပြန်လည်၍ ပြောပြလိုက်ပြန်ပါသည်။

"ဦးထွန်းဆိုင်ကိုယ်တိုင် ဖမ်းလာတဲ့ အစိုးရကိုပုန်ကန်မယ့် လူသူတော် ကိုငါသွားပြီး ဝင်ကြည့်လိုက်သေးတယ်။ မင်းတို့၊ ငါတို့ဟာ ပုလိပ်အမှုထမ်း ဖြစ်ခဲ့သလို လူတစ်ယောက်ကို ကြည့်လိုက်ရုံနဲ့ ဒီလူဟာ မှန်တယ်မမှန်ဘူး ဆိုတာ တစ်ခဏနဲ့ ခွဲခြားနိုင်ခဲ့ပါတယ်ကွာ။ ခုလူသူတော်ဟာ သူတော် ကောင်းအစစ်ပါ သူငယ်ချင်းရယ်၊ လက်ထိတ်တန်းလန်း ခတ်ထားတာ တောင် အပြုံးမပျက်တမ်း ပုတီးမှန်မှန်စိပ်လို့၊ သူ့မျက်နှာ ကြည့်ရတာ ဘာဖြစ် လို့မှန်းကိုမသိဘူး။အင်မတန် စိတ်ချမ်းသာသွားမိတယ်။ ကြည်ညိုချင်တဲ့ စိတ်တွေ တဖွားဖွားပေါ်လာမိတယ်။ လူကောင်းသူကောင်းမှန်း ချက်ချင်း ဆုံးဖြတ်လို့ရတယ်"။

"ငါနဲ့ ကစော်သိန်းရွှေကြီးတို့နှစ်ယောက်သား အသာအခြေအနေကို ကြည့်နေရင်း သူ့ကိုအချုပ်အနှောင်ကြားထဲက ဝင်ပြီးကန်တော့ ဝတ်ချတဲ့လူ တွေကို 'ချမ်းသာကြပါစေ၊ ဘေးဥပဒ်အန္တရာယ်အပေါင်းမှ ကျော်လွှားကင်း လွတ်ကြပါစေ'– ဆိုပြီး ဆုတွေပေးတယ်။ ပြီးတော့ ကျုပ်ကို ခုလိုအနှောင်အ ဖွဲ့နဲ့မြင်ရလို့ စိတ်ဒေါသ မဖြစ်ကြရန်၊ ကျုပ်အကြောင်းသက်သက်ပါ။ ဘယ် သူ့ကိုမှ မေတ္တာမပျက်ကြနဲ့၊ ကိုယ့်သီလ ကိုယ်မြဲအောင် ထိန်းသိမ်းကြနဲ့ဆုံး မဩဝါဒ ပေးနေသေးတယ်"။

"ကစော်သိန်းရွှေကြီးကတောင် အရက်မူးတွေ ချက်ချင်းပြေသွားပြီး "ဦးထွန်းဆိုင်တော့မှားပြီ" လို့လွှတ်ခနဲ ဝင်ပြောလိုက်သေးတယ်။ တို့နှစ် ယောက်လည်း စိတ်မချမ်းမသာဖြစ်နေရတာ သတိရပြီး ဘီလပ်ရည်နဲ့

mgyoe.com

mgyoe.com

ဆေးလိပ်၊ ကွမ်းယာတွေ ဝယ်ပြီးလှူလိုက်ပါတယ်။ ဦးထွန်းဆိုင်က တို့နှစ်ယောက်ကို မျက်စောင်းတထိုးထိုးနဲ့ အပေါက်ဆိုး မှုတ်လွှတ်လိုက်တယ်။ လူဆိုး၊ သူပုန် တရားခံကို အားပေးအားမြှောက် လုပ်နေပြန်ပြီ။ ဒီအကောင်လေးတွေ သတိထားမှပေါ့လို့ ငေါက်လွှတ်လိုက်သေးတယ် သူငယ်ချင်း..."

စသည်ဖြင့် သူနှင့် လက်ထိတ်တန်းလန်းနှင့် လူသူတော်အကြောင်းကို အားရပါးရ ပြောလိုက်တော့သည်။ အစ်ကိုသည် စဉ်းစားရင်း...

"သူ့ပုံပန်းသဏ္ဌာန်၊ ဝတ်ပုံ၊ စားပုံ ပြောပြစမ်းပါဦး... စံဝင်း။ အပြောအဆိုက မင်းပြောပုံအရဆိုရင် အင်မတန်ချိုသာတယ်ဆိုရင် ထူးခြားချက်နဲ့ သူ့နာမည်..."

–စသည်ဖြင့် ပုလိပ်အမှုထမ်းပီပီ သူသိလိုသရွေ့ကို ဦးစံဝင်းဆီသို့ ပြန်၍ မေးလိုက်ရာ ဦးစံဝင်းသည် ပိုလိုစီးကရက်တစ်လိပ်ကို မီးညှိ၍သောက်လိုက်ပြီး...

"လူသူတော်ကို ပုံစံယူတော့ ငါနဲ့သိန်းရွှေ နီးနီးကပ်ကပ် သွားကြည့်မိကြတယ်။ ဝတ်ပုံစားပုံကတော့ ခပ်ရိုးရိုးပဲ၊ သိမ်သိမ်မွေ့မွေ့ ပိတ်ဖြူရိုးရိုးကို ဝတ်ဆင်ပြီးထားတယ်။ ခေါင်းမှာလည်း ပိတ်ဖြူခေါင်းပေါင်းကို ပေါင်းထားတယ်။ တိုက်ပုံအင်္ကျီအောက်ခံ ကော်လာမပါဘဲ ရှပ်လက်ရှည်ရိုးရိုး ပိတ်ဖြူလုံချည်နဲ့ ဘုန်းကြီးစီး ဖိနပ်ဟောင်းတစ်ရန်ကို စီးထားတယ်။ ခေါင်းကသျှောင်ထုံးကြီးနဲ့ ဆံပင်သိပ်ကောင်းတယ်ကွ။ အသက်ခန့်မှန်းခြေအရ ငါးဆယ်ကျော်ပိုင်းမှာပဲ။ ဒါပေမဲ့ ရုပ်ကအင်မတန်တင်တယ်။ နုပျိုနေတယ်။ သူ့ရဲ့နှဖူးက အရေးအကြောင်းနဲ့ လှုပ်ရှားပုံတွေကိုကြည့်ပြီး အသက်အရွယ်ကို ခန့်မှန်းကြည့်ရတာပေါ့။ ဒါပေမဲ့ ခေါင်းကသျှောင်ထုံးကြီးဟာ မှောင်ပြီးလက်နေတဲ့ ဆံပင်တွေချည်းပဲ အဖြူတစ်ချောင်းမှ မတွေ့ရဘူး။ ထူးခြားချက် အမှတ်အသားကို ဂါတ်စာရေးက ရှာဖွေတဲ့အခါမှာ လူသူတော်က ထူးခြားတဲ့ အမှတ်အသားအနေနဲ့ ရှည်ရှည်ဝေးဝေးရှာမနေပါနဲ့ စာရေးကြီးရယ်၊ ကျုပ်လက်နှစ်ဖက်က လက်ချောင်းတွေကို တစ်ဆိတ်မှတ်ထားပါ..."

"ပြောပြီး သူပုတီးစိပ်နေတဲ့ ညာလက်ရော၊ ဘယ်လက်ရောကို ထောင်ပြလိုက်တယ်။ လက်ချောင်းတွေထိပ်မှာ တို့လိုလက်သည်းနဲ့ သွယ်ဆက်မနေဘဲ လက်သည်းတွေကိုဖုံးနေတဲ့ လက်ဖုကြီးတွေ အသီးကြီးတွေ

mgyoe.com

mgyoe.com


အဖြစ် တွေ့နေရတယ်။ အရပ်က ငါးပေ–ရှစ်လက်မလောက် မြင့်တယ်။ အသားဖြူဖြူ၊ မျက်နှာသွယ်သွယ်၊ နှာတံပေါ်ပေါ်၊ မျက်ခုံး–မျက်လုံး ကောင်းကောင်း၊ နှုတ်ခမ်းမွေးသဲ့သဲ့ ရှိတယ်။ မျက်လုံးကအင်မတန် ကြည်လင်သလောက် ပါဝါသိပ်ရှိတဲ့အရောင်တွေ တဖိတ်ဖိတ် တောက်နေတယ်…"

"တစ်မျိုးပဲကွ သူငယ်ချင်း၊ သူ့နာမည် ဘယ်လိုပေးသလဲ၊ ဘာပုဒ်မနဲ့ တပ်ထားသလဲ။ ဦးထွန်းဆိုင်ကတော့ လုပ်ရင်အရမ်းချည်းပဲ။ သူနဲ့ဘယ်လို အဆက်အသွယ်ရှိလို့ ဆွဲထည့်တာလဲ…"

အင်မတန် စိတ်ပါဝင်စားစွာဖြင့် မေးလိုက်ပြီး ကျွန်တော်အစ်ကိုလေးကို "ကော်ဖီနှစ်ခွက် ဖျော်ခဲ့ဟေ့" ဟုအမိန့်ပေးလိုက်သည်။

"ငါ့အနေနဲ့ လူသူတော်ကို ဘာပုဒ်မနဲ့ ခိုင်ခိုင်လုံလုံတပ်မယ်ဆိုတာ ခုထိမသိရသေးဘူး သူငယ်ချင်း။ သိခဲ့ရသလောက်ကတော့ တိုင်းပြည်ကို တုန်လှုပ်ချောက်ချားမှု၊ မတရားအသင်းဖွဲ့စည်းမှု၊ ပုန်ကန်ကြံရွယ်မှု၊ သူကြီးအမိန့်အာဏာကို ဖီဆန်မှု၊ တသီကြီးပါပဲကွာ။ တစ်မြို့လုံးနဲ့ တစ်နယ်လုံးရှိ လူပရိသတ်၊ ဘုန်းကြီးပရိတ်သတ်တွေကတော့ နားပေါက်ကြီးဦးထွန်းဆိုင်ကိုဝိုင်းပြီး အမဲဖျက်ချင်နေကြတယ်။ သိပ်အမြင်ကတ် မျက်မုန်းကျိုးနေကြတယ်။ နားပေါက်ကြီးနဲ့အတူသွားပြီး တရားခံဖမ်းရတဲ့ ရဲအမှုထမ်းတွေတောင် သိပ်မျက်နှာမကောင်းကြဘူး။ မလွှဲမရှောင်သာတဲ့ ဝတ္တရားမို့ ကြိတ်မှိတ်ပြီး လုပ်ကိုင်ခဲ့ရပုံရတယ်။ သာအေးနဲ့ ထွန်းရွှေတို့ကတောင် ငါ့ရှေ့မှာ ပြောနေကြသေးတယ်။ ကလေးတွေနဲ့ ပင်စင်ကို ငဲ့လို့တဲ့၊ နို့မို့ရင် ဒီနေ့ အလုပ်ကထွက်တဲ့ နေ့ပဲတဲ့၊ အတော်စိတ်ထိခိုက်နေကြပုံပဲ…"

ကျွန်တော်သည် ဦးစံဝင်းနှင့် ကျွန်တော်၏အစ်ကို အချီအချ ပြောဆိုနေကြပုံများကို အနီးပါးမှ စိတ်ဝင်စားစွာ နားထောင်နေမိသည်။ ကျွန်တော့်အစ်ကိုက…

"အချိန်ရရင် ငါကိုယ်တိုင် သွားလေ့လာဦးမယ်။ မနက်ဖြန် ရမည်းသင်းအချုပ်က တရားခံတစ်ယောက်ကို စစ်စရာရှိတာနဲ့ အခန့်သင့်ပဲ။ ပျော်ဘွယ်ကို တန်းကူးသွားပြီး ကြည့်လိုက်ရုံပဲ"

ဦးစံဝင်းက တစ်စုံတစ်ခု သတိရမိပုံဖြင့်…

"ဝန်ကြီးလည်း ဒီလောက်ဒေါ်ပွတာ တစ်ခါမှ ငါမတွေ့ခဲ့ဘူး"

mgyoe.com

mgyoe.com


ဒီအက်စ်ပီ (ခေါ်) ခရိုင်ရဲဝန်ကို ထိုခေတ်က အတိုကောက် "ဝန်ကြီး" ဟု ခေါ်ကြသည်။

"မျက်နှာကြီးကို နီလို့ကွ၊ ရောက်ရောက်ချင်း ကားပေါ်ကဆင်းပြီး နားပေါက်ကြီးကို ခေါ်ကြိမ်းတော့တာပဲ။ မင်းလုပ်ပုံ မကောင်းဘူး။ အားလုံး လူတွေ စိတ်ဆိုးကြတယ်။ ဒီလိုလုပ်ရင် ဒီလိုဖြစ်မယ်ဆိုတာ တာဝန်ခံအရာရှိ တစ်ယောက်အနေနဲ့ မစဉ်းစားမိဘူးလားနဲ့ ဆူလို့ပဲ"

◆

mgyoe.com

mgyoe.com

## မနောမယ ပညာရှင်တစ်ဦး

ကော်ဖီနှစ်ခွက်မှ အငွေ့များသည် ပင့်ကာရစ်ကာနှင့် အထက်ခေါင်မိုးဆီသို့ တက်နေတော့သည်။

"အေးကွာ ခုဝန်ကြီးကတော့ လူကောင်းပါ။ စင်းစင်းစားစား လုပ်တတ်တဲ့ လက္ခဏာပဲ။ ပြီးတော့ ဘေးကဝင်ပြီး ဘယ်သူလာတွန်းတွန်း အရမ်းလက်မခံဘူး။ မယုံကြည်တတ်ဘူး။ မြန်မာစကားလည်း တော်တော် ပြောတတ်တယ်။ မြန်မာလူမျိုးတွေရဲ့ စိတ်ဓာတ်နဲ့ ယုံကြည်မှုကိုလည်း သိတတ်ပုံပဲ စံဝင်း..."

"သူ့နောက်က ရဲဝန်ထောက်ကလေး ပါလာတယ်ကွ။ ရဲဝန်ထောက်ကလည်း မျက်နှာသိပ်ပျက်နေရှာတယ်။ တို့နဲ့ သက်တူရွယ်တူပေါ့ကွာ၊ သူက မျက်နှာဖြူအစစ် ဖြစ်နေတာမို့ ရာထူးကြီးတာ(အိုင်ပီအက်စ်) အဆင့်အတန်းဟာ တော်တော်တန်ပုဂ္ဂိုလ်ကို ခန့်အပ်တာမဟုတ်ဘဲကိုး။ ပညာအရည်အချင်း၊ အမျိုးအနွယ် သိပ်ခိုင်လုံမှပေးတာ၊ ရဲဝန်ထောက်က လည်း သူ ဒီကိစ္စကို ဘာမှမသိရတဲ့အကြောင်း၊ ဖမ်းဖို့ သူအမိန့်မပေးတဲ့ အကြောင်း၊ သူ့ဆီကို နားပေါက်ကြီး မကြာခဏလာပြီး လူသူတော်ကိုဖမ်းဖို့ တိုက်တွန်းခဲ့တာကို သူ လက်မခံခဲ့တဲ့အကြောင်းကို ဝန်ကြီးဆီမှာ အစီရင်ခံနေတယ်။ နားပေါက်ကြီးက အင်္ဂလိပ်လိုတစ်လုံးမှ နားမလည်တော့ ဘာသိ

mgyoe.com

mgyoe.com

မှာလဲ၊ တို့သာ ဆေးကကပ်ပြီး မယောင်မလည် နားထောင်ခဲ့ရလို့ သိတာကိုး”

“ဝန်ကြီးက ဘာပြန်ပြောနေသလဲဆိုရင်. . . သိရဲ့လား၊ သူငယ်ချင်းတို့ ရှိလျက်နဲ့ ဒီလိုဖြစ်ရတာ သိပ်ရှက်စရာကောင်းသတဲ့၊ ဒီကောင်ဘာမှ မဆင်မခြင်ဘဲ ဖမ်းတာဟာ အမှိုက်ကစပြီး ပြာသာဒ်အထိ မီးလောင်လာနိုင်သတဲ့။ အသေးအဖွဲကိစ္စက ဘာသာရေး အဓိကရုဏ်းကြီး အထိ ဖြစ်လာနိုင်သတဲ့။ ခုအချိန်အခါမှာ ဝံသာနုနဲ့ အစိုးရဆန့်ကျင်ရေး အဖွဲ့အစည်းတွေက တို့အစိုးရကို ပြောင်တိုက်ဖို့ တိုက်ကွင်းတိုက်ကွက် ရှာနေခိုက်မှာ ထွန်းဆိုင် မလိမ္မာမှုကြောင့် ငါ့ခရိုင်မှာ ဆူဆူပူပူ အဖြစ်မခံနိုင်ဘူးတဲ့။ ဒါကြောင့် လူထုကြီးတစ်ရပ်လုံးကို ငြိမ်သွားအောင် လိမ်လိမ်မာမာနဲ့ သူတို့ကို မကန့်ကွက်ဘဲ တို့ဝတ္တရားအတွင်းက အမြန်လုပ်ဆောင်ကြဖို့ ကြိုးစားပါ–လို့ ရဲဝန်ထောက်ကလေးကို ညွှန်ကြားချက်ပေးနေတယ်”

“နားပေါက်ကြီးကတော့ ဒီလိုပုံဖြင့် ချောက်ပဲပေါ့၊ ခုတစ်ခါတော့ သူ့ခယ်မချော မအေးမြ မကယ်နိုင်တော့ဘူး ထင်တယ်။ သူငယ်ချင်း...”

အစ်ကိုသည် သဘောကျစွာဖြင့် ရယ်မော၍မေးလိုက်ရာ–

“ဘာတတ်နိုင်မှာလဲကွာ၊ ခုဟာက တစ်နယ်လုံး၊ တစ်မြို့လုံး ဆူပွက်လာနိုင်တဲ့ကိစ္စ၊ ရာထူးကိစ္စမဟုတ်ဘူး။ နားပေါက်ကြီးခယ်မ မအေးမြမပြောနဲ့၊ သူ့သမီးသုံးယောက်နဲ့မိန်းမပါ အဆစ်သွားထည့်သွားဦး ဝန်ကြီးက ခြေထောက်နဲ့ကန်ထုတ်မှာ သေချာတယ်...”

“ဒါနဲ့ဝန်ကြီးနဲ့ ရဲဝန်ထောက်ကိုယ်တိုင် လူသူတော်ကို ခေါ်စစ်တယ်။ လူသူတော်ဟာ ဣန္ဒြေရရ၊ မျက်နှာပြုံးပြုံးနဲ့ လက်ထိတ်ခတ်လျက် လိုက်လာတယ်။ ရဲဝန်ကြီးက လက်ထိတ်ကိုချက်ချင်းဖွင့်ပေးပြီး ဆေးကပုလိပ်အစောင့်အရှောက်နဲ့ ခေါ်စေခဲ့တယ်။ သူ့ပါးစပ်ကလည်း ဒင်းမစ်၊ ဒင်းမစ်နဲ့ နားပေါက်ကြီး မလိမ္မာပုံတွေကို ဖိဆဲတော့တာပဲ၊ ကောင်းကောင်းမွန်မွန်နဲ့ ကုလားထိုင်တစ်လုံးကို ထိုင်ဖို့ရန် ညွှန်ပြပြီး မေးခွန်းထုတ်တယ်”

“လူတွေဆူပူအောင် စကားပြောသလားတဲ့...”

လူသူတော်က...

“လူတွေအားလုံး အေးချမ်းသာယာအောင် ကျုပ်တရားဟောတာ...၊ ဗုဒ္ဓဘုရားရဲ့တရားကို ပြောနေတယ်–လို့တစ်လုံးချင်း အောင်မြင်တဲ့အသံနဲ့

mgyoe.com

mgyoe.com

ဖြေလိုက်တယ်..."

အဲဒီတုန်းမှာ ဌာနအုပ် ဦးထွန်းဆိုင်က...

"ဟော့...အကောင်ယုတ်၊ ဘာလို့လိမ်ပြောရသလဲ၊ မင်းကြောင့် နယ်ဆူတာ... တို့မသိဘူးများမှတ်နေလား–တဲ့"

ဝင်ပြီးသူလုပ်နေကျ ထုံးစံအတိုင်း ဝင်ပြီးဝေါက်လိုက်တော့ ဆားမှာရှိနေကြတဲ့ ဘုန်းကြီးတွေရော မြို့မျက်နှာဖုံးလူကြီးတွေနဲ့ ကျေးရွာက သူကြီးဆယ်အိမ်ခေါင်းတွေက ဝုန်းခနဲထပြီး...

"ဟေး... မတရားမပြောနဲ့၊ မင်းပြောတာ တစ်ခုမှမမှန်ဘူး။ ကျုပ်တို့ဦးသူတော်ဘက်က သက်သေအဆင်သင့်ခံမယ်..."

ဝိုင်း၍အော်ဟစ် ဆူပူလိုက်ကြတယ်။

ရာဇဝတ်ဝန်ကြီးဟာ ဦးထွန်းဆိုင်ကို အပြစ်တင်တဲ့မျက်နှာပေးဆိုးကြီးနဲ့ ကြည့်ပြီး...

"ထွန်းဆိုင် ငြိမ်ငြိမ်နေပါ။ မင်းနားမလည်ဘူးလား။ စကားတစ်ခွန်းမှ မပြောနဲ့လို့ ဟောက်ပစ်လိုက်တယ်။ နားပေါက်ကြီးဟာ တစ်ချီတည်း ပရိသတ်အလယ်မှာ မဟာအရှက်တော်ကွဲပြီး ခေါင်းငိုက်စိုက် ကျသွားတော့တာပဲ၊ ဝန်ကြီးဟာ မြို့ပေါ်က မျက်နှာဖုံးလူကြီးတွေရော သူကြီးတွေကိုပါ ကောင်းကောင်း မှတ်မိသိရှိနေတာမို့ သိပ်မျက်နှာပူနေတာကို ငါတို့ရိပ်မိလိုက်တယ်။ဝန်ကြီးက လူသူတော်ကို သေသေချာချာ လေ့လာလိုက်ပြီး နောက်ထပ်မေး ခွန်းတစ်ခု ထပ်ထုတ်ပြန်တယ်။

"ကျွန်ုပ်တို့အစိုးရနဲ့ လူမျိုးတွေကို ရန်ဖြစ်မုန်းတီးအောင် စကားပြောသလား မှန်မှန်ပြောပါ" လို့ မေးခွန်းထုတ်တဲ့ အခါမှာ လူသူတော်သည် ပုတီးစိပ်နေရာက...

"ကျုပ်မှာ အင်္ဂလိပ်၊ အမေရိကန်၊ ဂျာမနီ၊ ရုရှား၊ မြန်မာ–ဆိုတဲ့ လူမျိုးခွဲခြားမှု၊ အသားအရောင်ခွဲခြားမှု၊ ယုတ်စွအဆုံး ယောကျ်ားမိန်းမ ခွဲခြားမှု စိတ်ဓာတ်မရှိပါဘူး။ သုံးဆယ့်တစ်ဘုံ သတ္တဝါ–ဟူသမျှ တီ၊ ကျွတ်၊ မြွေကစပြီး မနုဿလူသား နဲ့တကွ နတ်ပြည်ခြောက်ထပ် ဗြဟ္မာပြည်နှစ်ဆယ်အထိ ဘယ်သတ္တဝါကိုမှ မေတ္တာမပျက်ပါဘူး။ အမျိုးစိတ်ဓာတ်၊ မသမာစိတ်ဓာတ် မရှိခဲ့ပါဘူး။ ကုန်ကုန်ပြောလိုက်မယ်။ ကျုပ်ကိုမဖမ်းဖမ်းအောင် ကြိုး

mgyoe.com

mgyoe.com


ပမ်းနေတဲ့ ပယောဂရှိကြတဲ့ ရွာလူကြီးဦးကျော်ထွန်းနဲ့ ဌာနအုပ်ကြီး ဦးထွန်းဆိုင်ကို ခုထိမေတ္တာမပျက် မုန်းစိတ်မထားကြောင်း၊ ကတိသစ္စာ ပြုဝံ့ပါတယ်..."

ပြတ်သားပီသစွာဖြင့် ပြောလိုက်ရာ ဝန်ကြီးနှင့် ဝန်ကလေးတို့နှစ်ဦးသား ခေါင်းချင်းရိုက်သွားကြ၏။

"အင်မတန် နက်နဲတဲ့ ဗုဒ္ဓဘာသာရေးသမား သူတော်ကောင်းတစ်ယောက်ရဲ့ စကားဖြစ်ပါတယ်ဝန်ကြီး..."

မျက်နှာဖြူ ရာဇဝတ်ဝန်ကလေးသည် အင်္ဂလိပ်ဘာသာနှင့် အစီရင်ခံလိုက်ရာ ဝန်ကြီးသည် "ပြောပုံဆိုပုံနဲ့ သူ့အမူအရာကကော ဘာမှမသင်္ကာစရာ မရှိပါဘူး။ သူ့ရန်သူဖြစ်ရတဲ့ ထွန်းဆိုင်နဲ့ ရွာသူကြီးကိုတောင် မုန်းစိတ်မရှိဘူး၊ စိတ်မဆိုးဘူးဆိုတာ အံ့သြစရာပဲ၊ ဟုတ်မှဟုတ်ပါ့မလားပဲ။ သူ့ရဲ့လွတ်လပ်ရေးအတွက်များ ပြောနေသလား အောင်ဒင်..."

ဝန်ကြီးသည် မျက်နှာဖြူဝန်ထောက် ဂျိမ်းအောင်ဒင်ကို အင်္ဂလိပ်ဘာသာဖြင့် ခပ်တိုးတိုး တိုင်ပင်လိုက်ရာ...

လူသူတော်သည် ပြုံးလိုက်ပြီး၊ မြန်မာဘာသာဖြင့်...

"ကျုပ်တို့ ဗုဒ္ဓဘာသာစစ်စစ်မှာ အဖျင်းဆုံးအောက်ခြေသိမ်း ငါးပါးသီလ မြဲကြရပါတယ်။ အဲဒီသီလထဲမှာ သူတစ်ပါးကို လိမ်လည်လှည့်ဖြားမုသားပြောဆိုခြင်း မပြုကြပါဘူး။ ခုလို ခင်ဗျားတို့အာဏာပိုင်တွေ ကျုပ်ကိုဖမ်းဆီးတာဟာ ကျုပ်အနေနဲ့ မုန်းစရာ၊ စိတ်ဆိုးစရာ မရှိပါဘူး။ သာမန်အသိဉာဏ် မျက်စိနဲ့ကြည့်ရင်တော့ ခင်ဗျားတို့ထင်နေကြတဲ့အတိုင်း စိတ်ဆိုးစရာပဲ။ ဒါပေမဲ့ ကျုပ်တို့ဗုဒ္ဓဘုရားရှင်ရဲ့ တရားတော်အတိုင်း ကြည့်လိုက်ရင်ရှေးအတိတ်က ဝဋ်ကြွေးကို ကျေအောင်ပြန်ဆပ်ရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်မိတယ်။ ကျုပ်အနေနဲ့ ရှင်းရှင်းလင်းလင်း ပြောရရင် ကျုပ်လည်ပင်းပေါ်ဓားထက်ထက်တင်ပြီး အတင်းမုသားပရိယာယ် ပြောရင်ပြော၊ မပြောရင်သတ်ပစ်မယ်လို့ အတင်းအကျပ် လုပ်ခိုင်းရင် ကျုပ်အသက်အသေခံသွားမယ် ကျုပ်သီလကို ညှိုးနွမ်းသွားအောင် ကျုပ်မဖောက်ဖျက်ဘူး။ ဘွင်းဘွင်း ပဲ ကြေညာပြောကြား ရလိမ့်မယ်..."

ရာဇဝတ်ဝန်ကြီးကင်းဘဲလ်သည် သူနှင့်အောင်ဒင်တို့ တိုင်ပင်ချက်

mgyoe.com

mgyoe.com


ကိုလူသူတော် သိသွားသည့်အတွက် ရုတ်တရက် အံ့သြသွား မိကြသည်။ လူသူတော်၏ စကားကိုမယုံကြည်နေခဲ့သော ဝန်ကြီးသည် ပိုမို၍သံသယ တွေရှိလာ သည်နှင့်အမျှ...

"ဒီလူ လိမ်မပြောဘူးဆိုတာ ကျုပ်ယုံကြည်ရတဲ့လူကြီးများ သက်သေခံ၊ အာမခံချက် ပေးနိုင်ကြပါ့မလား..."

ပရိသတ်ဘက်သို့ လှည့်မေးလိုက်ရာ ရဟန်းရှင်လူများသည် ဝုန်းခနဲ သူ့ထက်ငါ ရှေ့သို့တက်လာပြီး...

"ကျုပ်တို့အာမခံတယ်။ ကျုပ်တို့ရဲရဲကြီး တာဝန်ယူတယ်။ ကျုပ်က တီပီအက်စ် တံဆိပ်ရတဲ့ အစိုးရရှေ့နေဦးသာအောင်ပါ ကျုပ်အာမခံတယ်"

စသည်ဖြင့် မြို့မျက်နှာဖုံးလူကြီးများ သူ့ထက်ငါရှေ့ရောက်အောင် အာမခံရေးအတွက် ဆန္ဒပြလိုက်ရာ ဝန်ကြီးသည်လက်ကာ၍ တောင်းပန် လိုက်ရင်း

"တစ်ဆိတ်– ကျေးဇူးပြုပြီးးစည်းကမ်းရှိရှိ နဲ့ပြောကြဆိုကြပါ၊ တောင်း ပန်ပါတယ်..."

ဤတွင် လူသူတော်သည်...

"ကျုပ်အတွက် ဘုရားဒကာ၊ကျောင်းဒကာ သူတော်ကောင်းတွေ ဒုက္ခ ဖြစ်ရတာ စိတ်မကောင်းပါဘူး။ သူတို့ သက်သေခံနေတာထက် ဟောဒီက အာဏာပိုင်အရာရှိ နှစ်ယောက်ရှေ့မှာ ကျုပ်မုသားစကား ပြောမပြောကို ကျုပ်တို့ ဗုဒ္ဓဘာသာတွေ ယုံကြည်ကိုးစားတဲ့အတိုင်း သစ္စာဆိုပြပါ့မယ်။ တစ်ဆိတ် အာရုံပြုတော်မူကြပါ" တောင်းပန်လိုက်ပြီး...

"အကျွန်ုပ်သည် လူမှန်းသိမှန်းသိတတ်သည့် အရွယ်မှစ၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ယုံကြည်ဆည်းကပ်ကာ ဘုရားစစ်ဘုရား မှန်၊ တရားစစ်တရားမှန်၊ သံဃာစစ်သံဃာမှန်–ဟူသော စိတ်ထား၊ ဖြူစင် သော ကံသုံးပါးဖြင့် ရိုသေရှိခိုး လက်စုံမိုးကာ ယနေ့အထိ ဝတ်မပျက်ခဲ့ပါ"

"အကျွန်ုပ်သည် ယနေ့–ဤရက်၊ ဤအချိန်၊ ဤနာရီပိုင်းအထိသူ များ၏သွေးသား အာဟာရဖြင့် ကျုပ်အသက်ရှင်ရေးအတွက် ပယောဂလုံးဝ အာဟာရ မမှီဝဲခဲ့ပါ။ မေတ္တာတရားနှင့် ယှဉ်သောအာဟာရ သက်သတ် လွတ် ခဲဖွယ်တို့ကိုသာ ကျွန်ုပ်၏ကိုယ်ခန္ဓာ နာမ်အိမ်တည်မြဲရေးအတွက်

mgyoe.com

mgyoe.com

သန့်စင်သော အာဟာရဖြင့် မှီဝဲခဲ့ပါသည်။ ကျွန်ုပ်၏ အာဟာရဖြစ်ရေးအတွက် သတ္တဝါတစ်ဦးဦး၏ အသက်ဝိညာဉ် သွေးသား စသည်တို့ကို ကျွန်ုပ် သိတတ်သော အရွယ်ကာလမှစ၍ ရှောင်ကြဉ်ကင်းလွတ်ခဲ့ပါသည်"

"ကျွန်ုပ်၏ ယုံကြည်ကိုးစားအားထားရာ အနန္တော အနန္တငါးပါးနှင့်တကွ၊ ဆရာတော်အရှင် ကျေးဇူးရှင်တို့ကို ကျွန်ုပ်သည် လုပ်ငန်းစဉ်ကတိ ခံယူခဲ့စဉ်ကစ၍ ယနေ့ညအချိန်နာရီနှင့်တကွ၊ ကျွန်ုပ်၏အသက်တည်ရာ ကာလတစ်လျှောက်လုံး ကံသုံးပါးဖြင့် ပြစ်မှားကျူးလွန်မှု မရှိခဲ့ပါ။ လူကျင့်ဝတ် ဖြစ်သော ငါးပါးသီလမှ တစ်ပါးပါးသောသီလကိုပင် ကျွန်ုပ်သည် ကျူးလွန် ဖောက်ဖျက်ခြင်းလည်းမရှိခဲ့ပါ ကြောင်း "

"ဤသစ္စာသုံးချက်ကို အတုမရှိသော ငါးသိန်းတစ်သောင်း နှစ်ထောင်၊ နှစ်ကျိပ်ရှစ်ဆူကုန်သော သဗ္ဗညုတဘုရားရှင်တို့ နှင့်တကွ ခြောက်ပါးသော ဂုဏ်တော်တို့ဖြင့် တင့်တယ်ပြည့်စုံလှစွာသော တရားတော်၊ ကိုးပါးသောဂုဏ် တော်တို့ဖြင့် ပြည့်စုံတန်ဆာဆင်ကြကုန်သော သံဃာတော်တို့ကို ဦးထိပ်ထား ၍အခိုင်အမာ အညီအညွတ် သစ္စာဆိုပါအံ့။ ကျွန်ုပ်၏သစ္စာ မှန်ကန်ကြောင်းကို လည်း ကမ္ဘာချီ၍ လူ့ပြည်နတ်ပြည်များစွာ ဓမ္မကျင့်သုံးကြသည့် ဆရာသခင် ကျေးဇူးရှင်နှင့် လက်ဝဲလက်ယာ ထင်ရှားပေါက်ရောက် သိဒ္ဓိမြောက်ပုဂ္ဂိုလ် ထိုထိုရှစ်သောင်း ဆရာကောင်းတို့နှင့်တကွ နတ်၏လေးပါး သိကြားဗြဟ္မာ နတ်ဝိဇ္ဇာနှင့် မြေမှာစောင့်ကြပ် နတ်ကောင်းမြတ်နှင့် သိကြားသာသနာ နတ် ဒေဝါတို့သည် အကျွန်ုပ်သစ္စာကို ထင်ရှားသက်သေအရာ၌ မကွာမသွေ တည်နေကြပါစေ သတည်း။ အကယ်၍ ကျွန်ုပ်တို့ မတရား မုသားဆိုလေ ငြားက ထင်ရှားပြစ်ဒဏ်၊ ဘေးရန်အန္တရာယ် အဝဝတို့ကို မဆိုင်းမတွထင်ရှားပြ၍ ခံရငရဲမကျွတ်ဘဲ ကျွန်ုပ်၏အမိကတောင်းဆု ဆုကြီးပန်ကတစ်ခဏနှင့် ပျက်ပြုန်းကာ ဗုန်းဗုန်းကျဲကျဲ မဟာအဝီစိငရဲ၌ ကျပါစေသတည်း။ မှန်စွာ သစ္စာပြုပါက ယခုကျွန်ုပ်၏ဆုကြောင့် သိမ့်ထင်ရှားတင်ငြားသက်မဲ့ မိုးနဲ့မြေ လွှာ ကမ္ဘာအခြေ သက်သေယခု ပြုလုပ်သမျှမြတ်ဒါနနှင့် ပြုစုပါရမီတို့သည် ရကြစေသတည်း..."

ရာဇဝတ်ဝန်ကြီးနှင့် ဝန်ကလေးတို့ရှေ့မှောက်၌ မကြောက်မရွံ့ အင်မတန် ကြည်ညိုဖွယ်မျက်နှာဖြင့် လူသူတော်ကြီးသည် လက်အုပ်ချီကာ တစ်လုံးချင်း

mgyoe.com

mgyoe.com


သစ္စာဆိုနေသည်ကို ပရိသတ်အားလုံးနှင့် ရဲအမှုထမ်းများသာမက အချုပ်ခန်းအတွင်းမှ အချုပ်သားများပါ တုတ်တုတ်တောင်မလှုပ်ကြစတမ်း တအံ့တသြနှင့် မှင်တက်မိကာ နားထောင်နေမိကြသည်။ ဝန်ကြီးနှင့်ဝန်ကလေးတို့ကလည်း တစ်စုံတစ်ရာအမိန့်ဖြင့် တားဆီးရန်အလျှင်းပင် သတိရမိကြပုံမရချေ။ ပရိသတ်အားလုံးနှင့် လောကကြီးသည် လူသူတော်၏ ညို့ဓာတ်ကို ထိထိမိမိကြီး ခံနေရပုံကိုတွေ့လိုက်ရပေ၏။

လူသူတော်ကြီး၏ သစ္စာဆိုပြီးအဆုံးတွင် ဝန်ကြီးသည်လူသူတော်ကြီးဆိုသော သစ္စာစကားကို ကောင်းစွာနားလည်ပုံဖြင့် ခေါင်းညိတ်ကာ အသိအမှတ်ပြုလိုက်သလို ဝန်ကလေးကလည်း အင်မတန်ရဲရင့်ပြတ်သားတဲ့ ပုဂ္ဂိုလ်ပဲ–ဟူ၍ တီးတိုးမှတ်ချက်ချလိုက်၏။ ပရိသတ်ကြီးကလည်း သာဓုသုံးကြိမ် ခေါ်လိုက်ကြပြန်၏။

စက္ကန့်ပိုင်းအတွင်း၌ အရှေ့မှအနောက် တောင်မှမြောက်သို့ သိမ့်ခနဲ၊ ဂိုန်းခနဲအသံကြီးဖြင့် ကြောက်မက်ဖွယ်ရာ ဟည်း၍ထွက်လာသော အသံကြီးနှင့်အတူ ကျီးငှက်တွေ၊ ဆက်ရက်တွေသည် စီခနဲ ညံခနဲဆူပွက်လာကာ ဂါတ်တဲဝိုင်း အတွင်းမှ ရဲအမှုထမ်းများ၏ သားမယား၊ သားသမီးများကလည်း ယောက်ယက်ခတ်သွားတော့၏။

"တော်လည်းတယ်...တော်လည်းတယ်ဟေ့..."

တစ်ယောက်တစ်ခွန်း ဟစ်အော်ပြောဆိုသံများကလည်း အလျှိုလျှိုထွက်ပေါ်လာကြကုန်၏။ ရုံးခန်းအတွင်းနှင့် အပြင်မှရပ်လျက် စောင့်ကြည့်နေသော ပရိသတ်ကြီးမှ တစ်ခဲနက်အသံကြီးများဖြင့်...

"အောင်ပြီ...အောင်ပြီ သစ္စာတရားမှန်တယ်" ဟူသောထောက်ခံချက်များသည် ဆူပွက်ခုန်ပေါက်၍ ဂါတ်တဲတစ်ကုန်းလုံး လွှမ်းမိုးသွားတော့၏။

"အိုး...ဂျီးဇက်..."

ဟူ၍ ရာဇဝတ်ဝန်ကြီးသည် ယောင်ယမ်း၍ အော်မြည်လိုက်ပြီး သူ့နဖူးမှ ချွေးပေါက်ကြီးများကို လက်ကိုင်ပဝါနှင့် ခပ်မြန်မြန်သုတ်၍ တုန်တုန် ယင်ယင်လက် ချောင်းကြီးများဖြင့် သုတ်လိုက်ကာ အကြီးအကျယ် စိတ်ဓာတ် ချောက်ချား၍နေတော့၏။ ထို့နောက် မစ္စတာကင်းဘဲလ်သည် လူသူတော်ကို သေချာ ဂရုတစိုက်လေ့လာအကဲခတ်ကာ သူ၏စိတ်ထဲ၌

mgyoe.com

mgyoe.com


တစ်စုံတစ်ရာ စဉ်းစားနေတော့သည်။

လူသူတော်သည် ပုတီးစိပ်လျက်မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ သူ၏တရား ကိုသာနှလုံးသွင်းနေပုံ တွေ့ရတော့သည်။

"ကျုပ်ဟာ ခင်ဗျားတို့လို သာမညလူပါပဲ။ သွေးနဲ့သားနဲ့ လူပါပဲ။ ဘာမှ ပိုမထူးဆန်းပါဘူး။ ခုလို သက်မဲ့မစ္စည်းတွေ၊ သက်မဲ့အရာဝတ္ထုတွေက လှုပ်လှုပ်ရှားရှား ပဲ့တင်ထပ်အောင်ဖြစ်သွားတာကလည်း ကျုပ်မှာ ဘာတန်ခိုး သတ္တိမှ ရှိတာမဟုတ်ဘဲ ကျုပ်ရဲ့မှန်ကန်တဲ့ သစ္စာသမာဓိကြောင့် ပဲ့တင်ရိုက် ခတ်တော်လည်း သွားခြင်းဖြစ်ပါတယ်။ ခင်ဗျားတို့ သိုးဆောင်းနိုင်ငံတွေမှာ လည်း သစ္စာတရား မှန်ကန်တဲ့အခါမှာ အတိတ်ကြီး၊ နိမိတ်ကြီးတွေ၊ မြေ ငလျင်ရိုက် ခတ်တဲ့ကိစ္စတွေဟာ ဖြစ်ပျက်လေ့ရှိပါတယ်"

ပြောပြလိုက်ပြီး...

"သတ္တဝါဟူသမျှ ရုပ်နာမ်ရှိသမျှ သုံးဆယ့်တစ်ဘုံ သားသမီးတိုင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ၊ တောင့်တခြင်း၊ ကြောင့်ကြခြင်း ကင်းတော်မူ ကြပါစေ"

မေတ္တာပို့ ဆုတောင်းလိုက်ပြီး...

"ဒီက ရာဇဝတ်ဝန်ကြီးက ကျုပ်ကိုမယုံသင်္ကာရှိနေတာတော့ သိပ် မတော်လှဘူးပေါ့။ လျှင်လှုပ် တော်လည်းနိုင်အောင် ကျုပ်မှာ ခင်ဗျားတို့စိတ်ထဲ အထင် ရှိနေသလို ယန္တရားစက်ကိရိယာ ဘာတစ်ခုမှမပါပါဘူး၊ မဆောင် ခဲ့ပါဘူး။ ဟောဒီပုတီးတစ်ကုံးပဲ ရှိပါတယ်လေ။ ကျုပ်ကိုအစကနဦး ခင်ဗျား တပည့်ငယ်သား ရဲသားပုလိပ်တွေ ဖမ်းတုန်းကတည်းက ကျုပ်တစ်ကိုယ်လုံး ကို နေရာအနှံ့အပြား မကျန်တမ်း ရှာဖွေပြီးခဲ့ပြီပကော..."

ရာဇဝတ်ဝန်ကြီးကို တည်ကြည်လှသော မျက်လုံးကြီးများနှင့်ကြည့်၍ သတိ ပေးလိုက်ရာ ရဲဝန်ကြီးသည် ခေါင်းငိုက်စိုက်ကျသွားပြီး...

"ဘယ်လိုလဲ အောင်ဒင်ရေ၊ ဒီလူငါ့စိတ်ထဲမှာကြံစည်နေတာတွေ အားလုံးသိနေပါ့ကလား။ ဒီနေ့အဖို့ ငါ့အတွက်အင်မတန် အံ့သြစရာတွေ၊ ကြောက်စရာတွေ အဆန်းတွေချည်း တွေ့မြင်နေရပြီ။ ဒီလူဟာ ဘာလိုလိုနဲ့ သိပ်အရေးကြီးလာပြီ။ ငါစဉ်းစားမိသလောက်..."

သူ၏လက်အောက် ရဲဝန်ထောက်ကိုလှည့်၍ အင်္ဂလိပ်ဘာသာနှင့်

mgyoe.com

mgyoe.com


ခပ်တိုးတိုး တိုင်ပင်လိုက်သည်တွင် ရဲဝန်ထောက်မစ္စတာ အောင်ဒင်သည် တက်ကြွ လှုပ်ရှားနေသော လူထုကြီးအခြေနေကို အကဲခတ်မိသည့်အလျောက်...

"ကျွန်တော်တို့ တစ်ခုခု အမြန်စီမံနိုင်မှ ကောင်းလိမ့်မယ်။ လူထုပရိသတ်က စကားပြောနေတဲ့လူဘက်က အပြီးပါနေတယ်။ ပုလိပ်တွေကိုလည်း မျက်မုန်းကျိုးနေကြပါပြီ..."

"အေး...ဟုတ်တယ်၊ ဒီအတိုင်းဆိုရင် အခြေနေထိန်းသိမ်းဖို့တောင် သိပ်ခက်နေပြီ အောင်ဒင်၊ နောက်မှကြည့်ပြီး စီစဉ်ကြရအောင်..."

အမိန့်ပေးလိုက်သည်။ ထို့နောက် ရာဇဝတ်ဝန်ကြီး ကင်းဘဲလ်သည် ဌာနာအုပ်ဦးထွန်းဆိုင်ကို လှမ်းခေါ်၍ ဂါတ်တဲအပြင်ဘက်သို့ ထွက်ခဲ့ကြသည်။

"ထွန်းဆိုင်..မင်းကိုဒီတစ်ခါ ခွင့်မလွှတ်နိုင်ဘူး။ မင်းလုပ်တာသိပ်ဆိုးတယ်။ တို့အစိုးရကို မြန်မာလူထုတစ်ရပ်လုံးနဲ့ ရန်တိုက်ပေးသလို ဖြစ်နေပြီ။ တကယ့်အရေးကြီးတဲ့ သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်ကို မင်းကမလုံလောက်တဲ့ပုဒ်မနဲ့ ဖမ်းလာခဲ့တယ်။ ငါ့ဆီကိုလည်း ကြိုတင်အကြောင်းမကြားဘူး၊ မင်းအထက်လူကြီးဖြစ်တဲ့ အောင်ဒင်သခင်ဆီကလည်း ခွင့်မတောင်း၊ အကြောင်းမကြားခဲ့ဘူး။ ခွေးကောင်၊ မင်းဒုက္ခကောင်းကောင်း တွေ့ပြီ..."

မြန်မာစကားဖြင့်လည်း ဆဲဆိုကြိမ်းမောင်းရင်း သူတို့စီးလာသည့် ကားဆီသို့ ထွက်လာခဲ့ကြသည်။ "မင်းကို သခင်သိပ်စိတ်ဆိုးတယ်။ ကောင်းကောင်း အရေးယူရမယ်။ ခုဘယ့်နှယ်လုပ်မလဲ၊ သခင့်ရှေ့မှာ မင်းဖမ်းလာတဲ့လူက အားကြီးစကားပြောတယ်။ ထူးဆန်းတဲ့ကိစ္စတွေ လုပ်ပြသွားတယ်။ ဘေးက ရောက်နေတဲ့လူတွေက ဒီလူလုပ်တာတွေ အားလုံးနားလည်သွားကြပြီ။ သူတို့ကတစ်ဆင့် မြို့ထဲရွာထဲက လူတွေကိုပြန်ပြောကြမယ်။ မင်းဖမ်းလာတဲ့လူကို သိပ်ပြီးယုံကြည်သွားကြသလို တာဝန်ရှိတဲ့မင်းနဲ့ သခင်တို့အင်္ဂလိပ်အစိုးရကို မြန်မာလူမျိုးအာလုံးက မုန်းချင်လာကြမယ်။ ထွန်းဆိုင် ဂိုးတူဟဲ..."

ကြိမ်းမောင်းအပြစ်တင်လိုက်ပြီး...

"သခင်ပြန်မယ်၊ တရားခံလူကိုကောင်းကောင်းထားပါ။ မဆဲပါနဲ့၊

mgyoe.com

mgyoe.com


မရိုက်ပါနဲ့၊ ကောင်းကောင်းကျွေးပါ။ ကောင်းကောင်းပြောပါ။ မြို့ထဲကလူတွေနဲ့ တရားခံကိုမတွေ့ပါစေနဲ့၊ သခင်စီအိုင်ဒီ ထွန်းမောင်ကို တိုင်ပင်မယ်။ မက်ကလင်းသခင်ကြီးနဲ့လည်း တိုင်ပင်ရမယ်..."

သူ၏အစီအစဉ်များကိုပြောလိုက်ပြီး...

"ဒီလူကို ဘာပုဒ်မနဲ့ဖမ်းထားသလဲ ပြောစမ်း"မေးလိုက်ရာ...

ဦးထွန်းဆိုင်သည် သူ၏မလွှတ်နိုင်စတမ်း ဆင်ထားသော၊ စွဲထားသော ပုဒ်မများကို ပြောပြလိုက်ရာ ရာဇဝတ်ဝန်ကလေး မစ္စတာအောင်ဒင်သည် ရွံ့ရှာစွာဖြင့် ဦးထွန်းဆိုင်ကို ကြည့်၍...

"အရူး၊ မောင်မင်း ဒီလိုပုဒ်မတွေနဲ့ တရားစွဲ ရုံးတင်တဲ့အခါမှာ ဟိုလူထူးဆန်းက စကားအများကြီး ပြောလေလေ၊ ကျွန်တော်တို့အစိုးရ အရှက်အများကြီး ရလေလေဖြစ်မယ်။ ဒါ့ကြောင့်ဒီလူကို ဖမ်းရုံဖမ်းထားပါ။ သခင်တို့ ဘာလုပ်မယ်ဆိုတာ အမိန့်ပေးမယ်။ မင်းသိပ်အသုံးမကျတဲ့ကောင်..." အပြစ်တင်လိုက်ပြီး...

"မြို့ထဲက သတင်းစာရေးတဲ့သူတွေကို ချက်ချင်းလိုက်ပြီး တောင်းပန်ပါ။ သတင်းစာများ မရေးပါနဲ့၊ မထည့်ပါနဲ့လို ပြောလိုက်ပါ။ အားကြီးမိုးလောင်နိုင်တဲ့အလုပ်ကို ထွန်းဆိုင်လုပ်တယ်။ သခင်တို့စိတ် အများကြီးဆိုးတယ်..."

လုပ်ငန်းစဉ်များကို အသေးစိတ် အမိန့်ပေးလိုက်ပြီး...

"နောက်ထပ် ဘယ်သူ့ကိုမှ မဖမ်းရဘူး။ လာမေးတဲ့၊ လာကြည့်တဲ့လူတွေနဲ့ ရန်မဖြစ်ရဘူး။ စန္ဒရီကောင်းကောင်း များများချထားပါ။ ဒီလူကို မတွေ့ကြစေနဲ့..."

ရဲဝန်ကြီးကင်းဘဲလ်သည် သူ၏ဒရိုင်ဘာကို လှမ်း၍တစ်စုံတစ်ခု တောင်းလိုက်ရာ ကုလားဒရိုင်ဘာသည် ကားနောက်ခန်းအတွင်းမှ ဝီစကီပုလင်းနှင့်ဖန်ခွက်ကို အရေးတကြီးယူငင်ကာ ပေးလိုက်သည်တွင် ကင်းဘဲလ်သည် ဝီစကီကို နှစ်ပိုင့်လောက်သောက်ချ လိုက်ရင်း အောင်ဒင်ဆီသို့ ဖန်ခွက်နှင့် ပုလင်းကို ပေးအပ်လိုက်၏။

"ကောင်းပြီ၊ အရေးအကြောင်းရှိရင် သခင်တို့ဆီကို အမြန်အကြောင်းကြားပါ ထွန်းဆိုင်၊ နောက်ထပ်အမှားမလုပ်နဲ့၊ မင်းကိုသခင်တို့ စိတ်ဆိုးတယ်

mgyoe.com

mgyoe.com


အပြစ်ပေးမယ်..."

မျက်နှာထားဆိုးဆိုးကြီးနဲ့ ကြည့်ကာကားပေါ်သို့ မျက်နှာဖြူ အရာရှိနှစ်ဦးစလုံး တက်ရောက်သွားပါသည်။

ဦးစံဝင်းသည် သူ၏မျက်မြင်ကိုယ်တွေ့ ကြုံခဲ့သမျှကို အစ အလယ် အဆုံး ကျွန်တော်၏အစ်ကိုဆီသို့ ပြန်၍ပြောပြနေပါသည်။ကျွန်တော်လည်း နားထောင်ကောင်းလှသည်ကြောင့် သူတို့အပါးမှထိုင်၍ တအံ့တသြနှင့် နားထောင်နေမိပါသည်။

အချိန်သည်ကား လွန်မြောက်ကျော်လွှားခဲ့သည်။ လူသူတော်၏ သတင်းတွေကိုလည်း ထို့နောက်ပိုင်းတွင် ကျွန်တော်၏ မှတ်တမ်းတွင် နိုင်ငံရေးနှင့် တော်လှန်မှု၏ လှုပ်ရှားရှန်းကန်ချက်များကြောင့် ပျောက်ကွယ်လွှမ်းမိုးခဲ့ရပေ၏။

◆

mgyoe.com

mgyoe.com

## လူသူတော်၏ သတင်းအဆက်ရရှိရေး

ကျွန်တော်သည် နိုင်ငံရေးလောကသို့ ကျောင်းသားသမဂ္ဂလောကနှင့် မြန်မာလက်ရုံးတပ်ဖွဲ့၊ လယ်သမားအစည်းအရုံး–စသည့်လွတ်လပ်မှု၏ လှုပ်ရှားမှုဦးဆောင်ပေးသည့် သော့ချက်ကြီးများမှ ပါဝင်ကာ ပြင်းပြင်းထန်ထန် ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့်လည်းဖော်ပြပါ ထူးဆန်းသော ပျော်ဘွယ် မြို့နယ် အရှေ့ဘက်တစ်လွှားက အင်မတန်လူသိများခဲ့သော လူသူတော်၏ ဇာတ်ကြောင်းနှင့် သတင်းကို ဘယ်လောက်ပင် မေ့ထားစေကာမူ ထိုကိစ္စ၊ ထိုအကြောင်းအရာ ပြဿနာများနှင့် ပတ်သက်သော အင်မတန်ခိုင်လုံသည့် အရေးပါအရာရောက်လှသည့် သက်သေခံအထောက်အထား ပစ္စည်းတစ်ခု သည် ဗြိတိသျှနယ်ချဲ့သမားအစိုးရကို တော်လှန်ပြီးနောက် ရက်ပိုင်းကလေး အတွင်း၌ ကျွန်တော်၏လက်ဝယ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ ပေ၏။

ကျွန်တော်ကား ဗိုလ်ချုပ်အောင်ဆန်း၏ တာဝန်ပေးချက်အရ ကျွန်တော်၏ မွေးရပ်မြေဌာန မြန်မာပြည်အလယ်ပိုင်းဒေသ ဖြစ်သည့် ရမည်းသင်းခရိုင်ကို ဦးစီးကာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်နေဝင်း(ဗိုလ်ချုပ်နေဝင်း)၏ အတွင်းသူပုန်တပ်ဖွဲ့ဝင် တပ်မှူးတစ်ဦးအနေနှင့် တာဝန်ယူကာ မြန်မာပြည် အလယ်ပိုင်း မီးရထား၊ ကားလမ်းတစ်လျှောက်မှ ဗြိတိသျှနယ်ချဲ့သမားများ၊

mgyoe.com

mgyoe.com


၎င်းတို့ကြေးစား စစ်တပ်နှင့်အငှားလိုက်ရင်း အငှားသေပေးရသည့် ချန်ကေရှိတ် တရုတ်တပ်များကို ကျွန်တော်သည် ဂျပန်တပ်များနှင့် ကျွန်တော်၏ တပ်ဖွဲ့များ ပူးပေါင်းကာ ရှင်းလင်းသုတ်သင်ခဲ့ ပြီး ကာလသို့ ဆိုက်ရောက်ခဲ့သည်။

ဤအချိန်အခါမျိုးသည် ကျွန်တော့်အတွက် ဗြိတိသျှအစိုးရ၏ သစ္စာတော်ခံ အမှုထမ်းများကို ဖမ်းဆီးစစ်ဆေးရခြင်း၊ ရန်သူလက်နက်ပစ္စည်းများကို သိမ်းဆည်းရခြင်း၊ ရန်သူ၏စာချုပ်စာတမ်းများကို ရှာဖွေစုဆောင်းသိမ်းဆည်းရသည့်"ရှင်းလင်းရေး"လုပ်ငန်းစဉ်ကို လုပ်ကိုင်နေရချိန်လည်း ဖြစ်ပါသည်။

ပျော်ဘွယ်မြို့နယ် တာဝန်ခံဗိုလ်သိန်းလှနှင့် သခင်သိန်းမောင်ကြီး (မင်းတန်းရွာ)တို့ထံမှ ကျွန်တော်၏ အလယ်ပိုင်း စစ်ဌာနချုပ်ရုံးသို့ အရေးကြီးသည့် စာရွက်စာတမ်းများကို အပို့လွှတ်လိုက်သည့် ပစ္စည်းများကို ကျွန်တော်နှင့် လက်အောက်ခံဗိုလ်များက တစ်ခုစီ ပိုက်စိပ်တိုက်၍ ရှာဖွေစစ်ဆေးခဲ့ကြသည်။

အင်မတန်အရေးကြီးလှသော ပျော်ဘွယ်ရဲဌာန၏ နေ့စဉ်ရဲဌာနမှတ်တမ်း စာအုပ်ဟောင်းကြီးတွေကို ရုပ်ပျက်ဆင်းပျက် မင်များ၊ ဖုန်များစွန်းထင်းလျက် ဖရိုဖရဲ အခြေနေများနှင့် တွေ့လိုက်ရပေ၏။ ထို့ကြောင့်လည်း ကျွန်တော်တို့ တို့မြန်မာသခင်တွေ "ပေ"ဘဝဖြစ်စဉ်က ကုန်း၍ကျုံး၍ခံရစဉ် ဗြိတိသျှအစိုးရနှင့် သူ၏သစ္စာတော်ခံ ပုလိပ်တွေက ကျွန်တော်တို့ သခင်တွေ မျိုးချစ်ပုဂ္ဂိုလ်တွေအပေါ် မည်သို့တိုင်တန်း စွပ်စွဲထားချက်များကို ကျကျနန စစ်ဆေးရန်အတွက် ကျွန်တော်နှင့်ရုံးအုပ်ကြီး၊ ဗိုလ်ကြီးနှစ်ဦးက တာဝန်ယူလိုက်ကြသည်။ ကျွန်တော်တို့ မြန်မာသခင်တွေ ခေါင်းမဖော်နိုင်အောင် ခံခဲ့ရ သည့် စွပ်စွဲချက်၊တိုင်ချက်များပါဝင်သည့် (G.D)ခေါ် နေ့စဉ်မှတ်တမ်း စာအုပ်အထူကြီး တစ်အုပ်ပြီးတစ်အုပ် ရေးမှတ်ကောက်နုတ်လိုက် ကြသည်တွင် ၁၉၃၅ခုနှစ်ထိုးထားသည့် နေ့စဉ်မှတ်တမ်း စာအုပ်ဟောင်းကြီး တစ်အုပ် အလှည့်သို့ ရောက်ရှိခဲ့သည်။ ထိုနှစ်အပိုင်းသည် ကျွန်တော်တို့ မြန်မာသခင်များ အလှည့်သို့ မဆိုက်ရောက်သေးကြောင်း တွေ့ရပြီး၊ ခိုးမှု၊ လုယက်မှု၊ မုဒိမ်းမှု၊ ဓားပြမှုများနှင့် သက်ာမကင်းမှု၊ လူသတ်မှုစသည့်

mgyoe.com

mgyoe.com

ရာဇဝတ်မှု စသည့် အမှုတိုင်ချက်များကို တွေ့လိုက်ရ၏။ နေ့စဉ်မှတ်တမ်းကို လှန်လှောရင်း တပေါင်းလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့၊ မတ်လ ၆ ရက် နေ့စွဲတွင်မှုကား ထူးထူးဆန်းဆန်း တိုင်တန်းချက်များ မှတ်တမ်းတစ်ခုကို တွေ့လိုက်ရပေ၏။

တိုင်းပြည်ကို ဆူပူအောင် လှုံ့ဆော်စည်းရုံးမှု၊ မတရားအသင်းဖွဲ့စည်းတည်ထောင်မှု၊ ဂျော့ဘုရင် သခင်အစိုးရကို ပုန်ကန်ရန်ကြံရွယ်မှု၊ သူကြီး၏အမိန့်အာဏာကို ဖီဆန်မှု၊ အယောင်ဆောင်မှုစသည့် ရောမစွဲချက်ကြီးများဖြင့် ထူးဆန်းသော အမှုတွဲတစ်ခုကို မင်နီတန်း၍ တိုင်တန်းရေးမှတ်ထားသည်ကို တွေ့လိုက်ရပေ၏။

ဆက်လက်ဖတ်ရှုလိုက်မှပင် ကျွန်တော်ကျောင်းနေစဉ် ခြောက်တန်းနှစ် ဆုံးခါနီး၌ ကြားသိခဲ့ရသည့် လူသူတော်၏ အမှုတွဲတိုင်တန်းချက်ကို သတိရမိလာတော့၏။ ထို့ကြောင့် ဂရုတစိုက် စိတ်ပါဝင်စားစွာ ဖတ်ရှုလိုက်ရာတွင်...

တရာခံအမည် ဆရာအောင်(ခေါ်)မင်းအောင်၊ ၎င်း၌အခြားနာမည်များအဖြစ် သျှောင်ကြီးဖွေ လူသူတော်၊ သိဒ္ဓိရှင်၊ ဆရာဂုနန်းရှင်၊ ပေါက်ဆရာ– စသည့်နာမည်အမျိုးမျိုး ခေါ်ဝေါ်ကြသည်။ခရစ်နှစ် ၁၈၈၀–ခုနှစ် တန်ခူးလ တွင် မွေးကြောင်း အစစ်ခံရသည်။ (မှတ်ချက်– တရားခံဆရာအောင်၏ အစစ်ခံချက်အရ စစ်တမ်းယူထားရခြင်းဖြစ်သည်၊ မျဉ်းနီသားပြထားသည်)။

အရပ်အမြင့် ပုံပန်းသဏ္ဍာန် ထူးခြားချက်– စသည်တို့ကို အသေးစိတ်တွေ့လိုက်ရ၍ ကျွန်တော့်အနေနှင့် လက်ရှိတာဝန်ဝတ္တရားများက ရှိနေခြင်းကြောင့် လူသူတော်၏တိုင်တန်းချက် အကြောင်းအရာပါနေသည့် မှတ်တမ်းကြီးကို အမှတ်အသားပြုလုပ်၍ အသာဆွဲနုတ်ကာ သီးသန့်နေရာတွင် သိမ်းဆည်းထားခိုင်းလိုက်ရပေ၏။

ကျွန်တော်တွင်လည်း စစ်ရေးကိစ္စဘက်ကို အချိန်ရှိသရွေ့ အာရုံစိုက်ခဲ့ရသဖြင့် အမှန်အတိုင်းရိုးသားစွာ ဝန်ခံလိုက်ရလျှင် လူသူတော်၏ အမှုတွဲအကြောင်းအရာပါ နေ့စဉ်မှတ်တမ်းကြီးကို သိမ်းဆည်းရုံသိမ်းဆည်းထားရပြီး နောက်ပိုင်းသို့ တစ်ကြိမ်တစ်ခါမျှ လှည့်၍လှန်လှောဆည်းပူးခွင့် မရနိုင်

mgyoe.com

mgyoe.com

တော့ပါ။

ဤသို့နှင့်ပင် ကျွန်တော်၏ အခြေနေမှာ တဖြည်းဖြည်းနှင့် ဖော်ပြပါ လူသူတော်၏ အကြောင်းအရာကို မေ့လျော့စ ပြုခဲ့ရပြန်ပါသည်။ သို့ရာတွင်သံသရာ ချားရဟတ်ကား ကျွန်တော်အား လူသူတော်နှင့်အကြောင်း အရာဆီသို့ မရောက်မနေ အဆုံးမဖြတ်၊ စခန်းတစ်ပတ် လှည့်လိုက်ပြန်ပါသည်။ နှစ်တွေရက်တွေကား အင်မတန်များပြားစွာ ခုန်လွှားကျော်လွန်ကာ ခေတ်သစ်ကာလ၊ သို့မဟုတ် လွတ်လပ်သော မြန်မာပြည်၏ အချိန်အခါသို့ ဆိုက်ရောက်ခဲ့ရပေပြီ။ ကျွန်တော့်အနေနဲ့လည်း မြန်မာ့တပ်မတော်ကြီး အခြေပြုတည်ထောင်ရာ၌ ပါဝင်ခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင်အဖြစ်၊ တော်လှန်ရေး သမားအဖြစ်၊ စာရေးဆရာအဖြစ် ဘဝသံသရာတွေလည်း လှည့်လည်ပြောင်း လွဲကာ ရပ်တည်မှုမရနိုင်အောင် ရှိခဲ့ရပြန်ပါသည်။

အိမ်စောင့်အစိုးရခေတ်သို့ ဆိုက်ရောက်ခဲ့ပြန်ပါသည်။ စာရေးသူ၏ နိုင်ငံရေးသံသရာကား နိမ့်ရာမှမြင့်ခဲ့သလို ထိုအချိန်အခါတွင် မြင့်ရာမှနိမ့် ကျရုံ မကဘဲ တော်လှန်ရေးသမားတိုင်း ရင်ဆိုင်ကြရမည့် လုပ်ငန်းစဉ်၊ စခန်းစဉ်အတိုင်း သက်ဆိုင်ရာအာဏာပိုင် အစိုးရ၏နိုင်ငံရေးပုဒ်မ အရေး ပေါ်(အက်ဥပဒေပုဒ်မ–၅)အရ အစိုးရကို အကြည်အညိုပျက်ပြား အောင် လှုံ့ဆော်တရား ဟောပြောမှုဖြင့် ဖမ်းဆီးကာ ရမည်းသင်းခရိုင်၏ နာရသိန်ထောင် ကြီးဖြစ်သည့် အကျဉ်းထောင်ထဲသို့ ချောချောမောမော ရောက်ရှိခဲ့သော အချိန်အခါလည်း ဖြစ်ပေ၏။ အကျဉ်းထောင်နှင့် တော်လှန် သမားတို့၏နဖူးစာကာ မတည့်အတူနေကြသော လင်မယားစုံတွဲအတိုင်း ကွဲလိုက်၊ပြန်ပေါင်းထုပ်လိုက်ကြသလို ပူးချည် ခွာချည်နှင့် နိုင်ငံရေးသံသရာ ကျင်လည်စမြဲ ဖြစ်ပေ၏။

ဆယ့်ငါးမိနစ်တစ်ကြိမ်ကျစီ ထောင်ဘူးထိပ်မှ သံချောင်းခေါက်သံမြိုင် မြိုင် ထွက်ပေါ်နေတော့သည်။

ထောင်နံရံတစ်လျှောက် အပေါ်မှ အုတ်ခဲတန်းသုံးတန်း တစ်ဝိုက်၌ စာကလေးတစ်သိုက်သည် တစ်ကောင်နှင့်တစ်ကောင် တိုက်ပွဲဆင်လျက်ရှိ ကြသည်။

ပုဒ်မ ၅ နှင့် နိုင်ငံရေးသမားတို့၏ အစိုးရစည့်သည်တော်ဂေဟာ

mgyoe.com

mgyoe.com

အဖြစ် သတ်မှတ်ခြားနားထားသည့် ရမည်းသင်းထောင်ကြီး၏ အရှေ့မြောက်ထောင့် ယခင်ထောင် ဆေးရုံဟောင်းအတွင်း၌မူကား ပျော်ပွဲစားထွက်သလို တပျော်တပါး ဆူဆူညံညံနှင့် ထောင်အရသာ ခံလျက်တွေ့နိုင်ပေ၏။

"ဟေ့–လေးလုံးကွ၊ လက်တွေနောက်ဆုတ်စမ်း"

ချလွင်–ခနဲ အသံနှင့်အတူ ကြွေစေ့များ ကျသံများနှင့်အတူ ဟေးခနဲ ဝါးခနဲ ဆူပွက်နေတော့၏။

"ကိုင်း...တက်ပြီဗျို့၊ဟောဒီကနေပြီး သုံးကောင်တန်းစားလိုက်ရဦးမယ်"

စသည်ဖြင့် ကျားထိုးကြသည့် နိုင်ငံရေးသမားများ၏ ပျော်ပျော် ပါးပါး ကျားကစားသံများသည် တစ်ဖုံ...

"ပန်းဟေဝန် ခုနှစ်ထွေမှာ မျှော်လေရောင်၊ ညိုမှောင်နီလာ ဆွေးဆွေးဖွယ်ရာ "အစချီကာ မယ်ဒလင်သံနှင့် အတူသီချင်းဆို တီးမှုတ်နေကြသည့် ပုဒ်မ၅နှင့် နိုင်ငံရေးသမားတို့၏ "အနားယူချိန်"တီးမှုတ်သံများက အမြိုင်သား ပေါ်ထွက်နေခိုက်တွင်ပင်... စာရေးသူအပါအဝင် ပုဒ်မ ၅ ရဲဘော်များသည် ယောက္ခမအိမ်သို့ သားသမက်တွေခေတ္တခဏ လာရောက်လည်ပတ်ကာ ဇိမ်ကျကျနှင့် အနားယူ အချိန်ဖြုန်းနေကြသလို တာဝန်က အချိန်ကုန်ရေးအတွက် နိုင်ငံရေးဆွေးနွေးသူတွေက ဆွေးနွေးနှင့် ကျွန်တော်တို့၏ ခံစားနေကြသည့်အနှောင်အဖွဲ့ ဒုက္ခကို အပျော်အပါး၊ အကစားခုန်စား၊ အတီးအမှုတ်တွေနဲ့ အပန်းဖြေပစ်လိုက်၏။

မကြာမီ စောင်၊ လုံချည်–စသည့် အပိုပစ္စည်းများကို လွယ်အိတ်ကလေးပေါ်တွင် ခေါက်လျက်တင်ထားပြီး ပခုံးပေါ်တွင် လွယ်ပိုးထားကြသောလူသစ် အချုပ်သားတစ်စုသည် ထောင်ဝါဒါတစ်ယောက်က စောင့်ကြပ်၍ ထောင်ကျတာဝန်ခံ ဦးတင်အောင်ရှိရာသို့ ကျွန်တော်တို့ ပုဒ်မ ၅ အဆောက်အဦအောက်ထပ်ကို တန်းဝင်လာတော့၏။

"ကိုတင်အောင်၊ ဟောဒီထောင်ကျတွေကို ထောင်မှူးက ခင်ဗျားဆီကို အပ်လိုက်တယ်..."

ထောင်ဝါဒါက ဦးတင်အောင်ဆီသို့ သူခေါ်ယူလာသည့် ဆယ့်ငါးယောက်တန်း လူတစ်စုကို လွှဲအပ်ပေးလိုက်ရာ ဦးတင်အောင်သည် နေ

mgyoe.com

mgyoe.com

မကောင်းသည့် အကျဉ်းသားများကို ကြည့်ရှုစစ်ဆေးနေရာမှ...

"ဘာမှုတွေလဲဟေ့၊ များလှချည်လား၊ ဘယ်ကကျလာသလဲ"

မေးခွန်းထုတ်လိုက်သည်တွင် ထောင်ကျပုဂ္ဂိုလ်တစ်စုသည်

"ကျွန်တော်တို့က ခြောက်တစ်တွေပါ၊ ပျော်ဘွယ်အရှေ့နယ်ကပါခင်ဗျာ..."

ဖြေကြားလိုက်သည်တွင်...

ခြောက်တစ်-ဟူသည် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးပုဒ်မ နှင့် ထောင်ကျလာသူများ ဖြစ်ကြောင်းကို ကျွန်တော်တို့ အပေါ်ထပ်မှ ပုဒ်မ(၅) သမားတွေ နားလည်လိုက်၏။

"ဘယ်လောက် အပြစ်ကျလာသလဲ၊ တစ်ရွာတည်းကလား..."

ဦးတင်အောင်ကမေးလိုက်ရာ...

"မများပါဘူးဆရာကြီး၊ တစ်ယောက်သုံးလစီပါ၊ ကျွန်းသစ်တွေကို လှည်းထောက်တကူ လုပ်တာကို တောအုပ်ကမကျေနပ်လို့ပါ၊ ပိုက်ဆံပေးရလည်း ပေးရကျိုးမနပ်လိုက်ပါဘူး ဆရာကြီးရာ၊ ပျော်ဘွယ်အရှေ့ဘက် လျှော်ဖြူကွင်းရွာ တစ်ဝိုက်ကပါ"

စသည်ဖြင့် သူတို့၏နေရပ်ဇာတိနှင့် အပြစ်ဒဏ်ခံရသည့် အကြောင်းအရာတို့ကို သတင်းပို့နေကြပါသည်။

ကျွန်တော်တို့ အပေါ်ထပ်တွင် ပုဒ်မ၅ သမားများက သီးသန့်ဆေးရုံအဖြစ် ဖွင့်လှစ်ထားသော အောက်ထပ်၌မူကား မိန်းဂျေး(ခေါ်) ထောင်မကြီးမှ လူမဆံ့သဖြင့် နောက်ထပ်ရောက်ရှိလာကြသည့် ပျော်ဘွယ်အရှေ့ဘက်မှ "ခြောက်တစ်"သမားတွေနှင့် ရှမ်းပြည်နယ်က ထောင်ကျသူများကို "အိပ်ယောင်"အဖြစ်နှင့် လက်ခံထားလိုက်ကြသည်။

အထပ်ထပ်၌ရှိနေသည့် ကျွန်တော်တို့ပုဒ်မ(၅)၏ စံနန်းတော်၌ကား စောစောကပင် လူပြည့်နေပြီဖြစ်၍ နောက်ထပ်လူသစ်များကို ထားစရာ၊ လက်ခံစရာ အိပ်စရာနေရာကား မရှိပြီ။ ရမည်းသင်းခရိုင်အအတွင်းရှိ သန့်ရှင်း ဖဆပလ ခေါင်းဆောင်ပိုင်း တော်တော် များများသည် ဖော်ပြပါ ပုဒ်မ၅ ဆောင်၌ နေရာယူထားပြီးဖြစ်နေတော့သည်။

ထောင်ကျသည် ဆိုသောစကားသည် ညထောင်ပိတ်အိပ်တန်းဝင်ချိန်

mgyoe.com

mgyoe.com

ကာလ၌ ရှိသမျှထောင်သားအားလုံးကို အိပ်ဆောင်ထဲထည့်ကာ အပြင်က သော့ပိတ်လျက် ထောင်ဝါဒါတစ်ဦးက တုတ်ကိုင်ကာ စောင့်ကြပ်လျက် သော့တံယူထား၏။ အတွင်း၌မူကား ထောင်ဗာရာခေါ် ထောင်ကျသူ၊ အိပ်ဖန်စောင့် တာဝန်ယူထားသူ သုံးလေးယောက်က အတွင်းတစ်နေရာ၌ အလှည့်ကျစောင့်ကြပ်ကာ တကယ့်အချုပ်အနှောင်ဘဝကို သရုပ်ပေါ်လွင်စေတော့၏။

သို့ရာတွင် ကျွန်တော်တို့ နိုင်ငံရေးသမား၊ တော်လှန်ရေးသမား၊ ပုဒ်မ (၅) များမှာမူကား ဒုက္ခတွေကိုအပြုံးမပျက်တမ်း ရင်ဆိုင်နေသည့် သဘောဖြင့် ရယ်လိုက်၊ မောလိုက်၊ သီချင်းဆိုလိုက်၊ ကျားထိုးလိုက်နှင့် နေ့မှန်းညမှန်း မသိအောင် ရှိနေကြသည်။ သို့ရာတွင် ကျွန်တော်တို့ အောက်ထပ်၌ အကျဉ်းခံနေရသော ထောင်ကျများအဖို့ အတော်ညိုးငယ် ပင်ပန်းနေကြဟန် ရှိပေ၏။

တစ်ချိတစ်ချိ ညအချိန်ကို ချိုးဖောက်ကာ ပုဒ်မ၅ လူပေါင်းသုံးဆယ် "အားလုံးကောင်းပါသည်ခင်ဗျား" စသည်ဖြင့် ကျွန်တော်တို့ပုဒ်မ၅ အခန်းတွင်းမှ ထောင်ဗာရာအိပ်ဖန်စောင့်များ၏ ဆယ့်ငါးမိနစ်တစ်ကြိမ်ကျစီ သတင်းပို့သံများကလည်း တစ်ခဲနက် ပေါ်ထွက်လာတော့၏။

နောက်တစ်နေ့နံနက် ထောင်ဖွင့်ချိန်ကာလတွင် တောင်ယာခုတ် တာဝန်ကို ကျရောက်လုပ်ကိုင်နေသော ခြောက်တစ်သမားများဆီမှ ကျွန်တော်တို့ ပုဒ်မ၅ သမားများကို လှမ်း၍...

"ဆေးလိပ်ကလေး တစ်လိပ်လောက်ရှိရင် ကူညီကြပါဗျာ" တောင်းသံကြားလိုက်ရ၏။

ဆေးလိပ်ကား ထောင်ထဲ၌ အင်မတန်အရေးပါ အရာရောက်သော ပစ္စည်းလည်းဖြစ်၏။ တန်ဖိုးရှိလှသည့် ငွေကြေး၏လက်လည်းဖြစ်၏။ ထောင်သမားများအတွက် ခိုင်းစေရာ၌ အခကြေးငွေလည်းဖြစ်ပေ၏။

ဗြိတိသျှနယ်ချဲ့သမားတွေ ထားပစ်ခဲ့သည် နယ်ချဲ့စနစ်၏ အမွေဆိုးတွင် ထောင်စနစ်လည်း ပါဝင်ပေ၏။ သူတို့မျက်နှာဖြူအစိုးရကို ကျေးတော်မျိုး၊ ကျွန်တော်မျိုးများ ခေါင်းမထောင်နိုင်အောင် လူအညွန့်ချိုးကာ လမ်းတွင် လက်ထိတ်ခတ် ခြေနှစ်ဖက်တွင် သံခြေကျဉ်းခတ်၍ လေးဖက်လေးတန် အုတ်နံရံကာရံလျက် အကျဉ်းထားပြီး လူ့အခွင့်အရေး လူ့အဆင့်

mgyoe.com

အတန်း၌ လွတ်လပ်မှုအားလုံးကို ပိတ်ပင်ချုပ်ချယ်ကာ စိတ်ဓာတ်ကျအောင် ပုံသွင်း လုပ်ခဲ့သော ဗြိတိသျှနယ်ချဲ့သမားတို့၏ ထောင်စနစ်ကား စတင်ရောက်လာပေ၏။ အပြင်၌သောက်နေကျဆေးလိပ်၊ ဝါးနေကျကွမ်းယာတို့ကို တစ်ခုတလေမှမပေးဘဲ အကျဉ်းထားခြင်းသည် ထောင်သားတို့၏ အကျင့်စာရိတ္တပြုပြင်ရာ မရောက်စေဘဲ အကြံအဖန်နည်းတွေဖြင့် တစ်ဦးနှင့်တစ်ဦးနားလည်မှုယူသော ပစ္စည်းချင်း ဖလှယ်ခြင်း၊ ထောင်တွင်းခိုးခိုးသွင်းခြင်း–စသည်ဖြင့် ပျက်စပြုနေသည့် အကျင့်စာရိတ္တကို ပိုမိုပျက်ပြားအောင် စီစဉ်ထားခြင်းသာ ဖြစ်ပေ၏။ စင်စစ်အားဖြင့် ထောင်သည်ပျက်စီးမည့်လမ်းစပေါ်သို့ ရောက်လာခဲ့သူများ၏ နောက်ထပ်ရာဇဝတ်မှုကြီးများ တိုးပွားပေါ်ပေါက်လာအောင် လုပ်ကိုင်ပေးရာ စုဝေး၍ရာဇဝတ်မှု ပညာပေးရာ၊ မဟာတက္ကသိုလ်ကြီးပင် ဖြစ်လာစေ၏။

တော်လှန်ရေးအစိုးရ၏ ရဲဘက်စီမံကိန်းကား ဗြိတိသျှနယ်ချဲ့သမား၏ ထောင်အမွေဆိုးစနစ်ကို တော်လှန်ပြောင်းလဲလိုက်သော ခေတ်မီသော ပြုပြင်ရေး စီမံကိန်းကြီးပင် ဖြစ်ပေ၏။ထောင်သား၊ ထောင်ကျအစားယဉ်ကျေးလှပစေသည့် တစ်ဖက်သား ဒုက္ခရောက်နေသည့် ထောင်ကျသူများနာခံ၍ နားထောင်၍ ကောင်းလှသည့် ရဲဘက်ဟူသော ဂုဏ်ပြုသည့် နာမည် လေးကိုအသုံးပြု ထားခြင်းအားဖြင့် ခိုင်းစေရာတွင် အပြင်လောက၌ လွတ်လပ်နေသော အရပ်သူ အရပ်သားများနှင့်မခြား လွတ်လပ်စွာ သွားလာလှုပ်ရှားရင်း တိုင်းပြည်အတွက် တကယ့်အရေးပါအရာရောက်သော တိုင်းကျိုးပြည်ပြု လမ်းလုပ်ငန်းများ ပြုပြင်ဖောက်လုပ်လျက် တစ်ဖက်တစ်လမ်းကလည်း ဆေးလိပ်သောက်နိုင်ခွင့်၊ ရွာထဲမြို့ထဲ၌ လည်ပတ်နိုင်ခွင့် နေ့စားလစားလည်းရရှိကာ တော်လှန်ရေးအစိုးရ၏ လုပ်ငန်းစဉ်မှာ တိုးတက်နေသော ကမ္ဘာပေါ်၌ ဒီမိုကရေစီ တိုင်းပြည်ကြီးများနှင့် ရင်ပေါင်တန်းနိုင်သည်ကို ချီးကျူးထောက်ခံလိုက်ရပေ၏။

ကျွန်တော်နှင့် ပုဒ်မ ၅ ထောင်မှ ဆေးလိပ်မသောက်တတ်သူများသည် ကျွန်တော်တို့ ဝေပုံကျရရှိသည့် ဆေးလိပ်နှစ်လိပ်စီကိုစု၍ သွားရောက်ပေးကမ်းလိုက်ရာတွင် ခြောက်တစ်သမားတွေသည် ကျေးဇူးတင်၍ မဆုံးနိုင်အောင်ရှိသွားကြသည်။

mgyoe.com

mgyoe.com

ပျော်ဘွယ် အရှေ့ဘက်သားများနှင့် ကျွန်တော်တို့သည် ပထမဦးဆုံး ဆုံတွေ့မှု ပယောဂပင်ဖြစ်ပါသည်။

တနင်္ဂနွေနေ့ဖြစ်၍ ထောင်သား အကျဉ်းသားအားလုံးအဖို့ နေ့အား လည်းဖြစ်ကြသလို ကိုယ်အဖွဲ့ကျရာနှင့်ကိုယ် ထောင်ကြီး ဆေးရုံ၊ပုဒ်မ ၅ စသည်တို့၌ လည်ပတ်ခွင့်ရှိသည့်အတိုင်း ညှိသည်များ ဝင်ချည်ထွက်ချည် နှင့်စည်ကားချိန်ဖြစ်ပေသည်။ လေးဖက်လေးတန် အုတ်နံရံကာထားသော လူ့ ငရဲလောက၌ သီးခြား လူ့လောကအဆောက်အဦဝယ် လူလူချင်း ပေါင်း သင်းဆက်ဆံရေးစိတ်ဓာတ် မကုန်နိုင်အောင်ရှိကြပါသည်။ သဘာဝကျလှ သည့် ဖြစ်ရပ်အသွင်ကို ပေါ်လွင်နေပါတော့သည်။

ကျွန်တော်တို့၏ထောင်ကျက်သရေဆောင် ပုဒ်မ ၅ များ၏ စံနန်း တော်သို့ သာမန်ထောင်ကျ ထောင်ကြပ်များ၊ အချုပ်သားများအနေနှင့် နေရာ ကွက်လပ်မကျန်အောင် အလည်အပတ်လျှောက်ခြင်း ရှိနေချိန်ပင် အကြောင်း ကား အင်မတန်ရှင်းနေ၏။ ကျွန်တော်တို့ ပုဒ်မ၅သမား နိုင်ငံရေးတော်လှန် ရေးသမားများကို အင်မတန်အထင်ကြီးစွာဖြင့် ကမ္ဘာ့အခြေအနေ၊ မြန်မာ့ အခြေအနေ၊ ပြည်တွင်းရေးသူပုန် လှုပ်ရှားမှု၊ တည်မြဲ၊ သန့်ရှင်း ပြဿနာ အိမ်စောင့်အစိုးရ၏ မူဝါဒ–စသည်တို့ကိုဆွေးနွေးလိုကြသော ထောင်ကျရဲ ဘော်များ၏ ဆန္ဒကြောင့်လည်းကောင်း၊ ဆေးလိပ်လှိုင်လှိုင် သောက်ရခြင်း၊ လက်ဖက်ရည်ကြမ်းဖန်ဖန် သောက်နေရခြင်း၊ တစ်ခါတစ်ရံ အခန့်သင့် လက်ဖက်၊ ပဲလှော်၊ လက်ဖက်သုပ် အမြည်းများနှင့် လူတန်းစား မခွဲကြစတမ်း လက်ရေတစ်ပြင်တည်း စားရသောက်ရသော သတင်းကောင်း ကြောင့်ဆို လျှင် ပို၍မှန်ပါလိမ့်မည်။

ကျွန်တော်နှင့် ထိုနေ့အဖို့ ပျော်ဘွယ်မြို့ အရှေ့ဘက်သားများတို့သည် တော်လှန်ရေးခေတ်အခါ အဝေါ်အရ ဒူးတိုက်ဆွေးနွေးခွင့်ရခဲ့သော နေ့တစ် နေ့လည်းဖြစ်ပါသည်။ လျှော်ဖြူကွင်းရွာမှ ခြောက်တစ်သမား ထောင်ကျကြီး များဖြစ် သည့် ဦးဘိုးသုံး၊ ဦးရေချမ်းတို့လေးယောက် အစရှိသည့်လူသိုက်နှင့် ကျွန်တော်သည် ရင်းရင်းနှီးနှီး စကားလက်ဆုံကျခိုက်ပင်...

ကျွန်တော်သည် ဦးဘိုးသုံးကို ထိုဒေသပထဝီဝင် အခြေအနေကို စတင် တီးခေါက်လိုက်မိသည်။

mgyoe.com

mgyoe.com

"အရှေ့ဘက်ကဆိုတော့ ရှမ်းရိုးမနဲ့သိပ်ကပ်ပြီး တောတောင် စိမ့်စမ်း သိပ်ကောင်းမှာပေါ့ ဦးဘိုးသုံ..."

ကျွန်တော်ကမေးမြန်းလိုက်ရာ ဦးဘိုးသုံသည် လက်ဖက်ရည်ကြမ်း ပန်းကန်ကို အသာချလိုက်ရင်း...

"တောတောင်ဆိုရင် ဗိုလ်မှူးနယ်၊ ရှမ်းပြည်နယ်၊ နန်းပန်စပ်ကြောနဲ့ တစ်ဆက်တည်း တစ်ပြေးတည်းကို ကျွန်တော်တို့ အရှေ့ဘက်ကျော်ဆင်းရင် လယ်ပြင်တို့ ခွေးရုပ်ဘူတာတို့နဲ့ သိပ်မဝေးတော့ဘူး။ ပင်လောင်းဘက်သွား ရင်လည်း ရတယ်။ ဒါကြောင့် ရဲဘော်ဖြူခေတ်တုန်းက ဗိုလ်တိုးအောင်တို့ ဗိုလ်စံသိန်းတို့ ရဲဘော်ဖြူတွေဟာ ကျွန်တော်တို့ ရွာနားက သိပ်ခွာခဲ့တယ် မရှိဘူး။ တက်လမ်း ဆုတ်လမ်းက သိပ်ကောင်းတာကိုး၊ ပြီးတော့... သား ကောင်ကြီးတွေပေါတယ်။ တောဆင်တောင် တွေ့နိုင်တယ်ခင်ဗျ..."

ဦးဘိုးသုံသည် သူတို့ဒေသအခြေအနေကို ပြောပြလိုက်သည်။

ဤတွင် ကျွန်တော်သည် ကျွန်တော့်ဦးခေါင်းထဲ၌ တစ်ကြိမ်တစ်ခါက မှတ်သားခဲ့သည့် လူသူတော်ကိစ္စကို ရုတ်တရက် သတိရလာကာ...

"ဒါနဲ့ ကျွန်တော်တို့ကျောင်းနေတုန်းက ကာလလောက်က အဲဒီပျော် ဘွယ် အရှေ့ဘက် လက်တက်မှာ လူသူတော်တစ်ဦးရဲ့ ထူးဆန်းတဲ့သတင်း ကိုကြားလိုက်ရတယ်။ ဦးဘိုးသုံ ကြားဖူးရဲ့လား၊ တစ်ခရိုင်လုံးအုန်းအုန်း ကျွက်ကျွက်ဖြစ်နေတဲ့ကိစ္စလေ..."

"သြော်... လူသူတော်ကြီးကိစ္စလား။ ကြားဖူးရုံမကဘူး၊ မြင်ကိုမြင် လိုက်ဖူးတယ်။ သူ့ဓမ္မစကြာတရားကိုလည်း သုံးလေးကြိမ်နာဖူးတယ်ဗျ၊ ဗိုလ်မှူး... သိပ်ကြည်ညိုစရာကောင်းတဲ့ ပုဂ္ဂိုလ်ထူးပါပဲ။ အင်မတန် ထူးဆန်း တယ်။ သူ့အကြောင်းကိုကျုပ်နဲ့ ကျုပ်တို့ရွာကလူတွေ အသိဆုံးပဲ။ ကျုပ်တို့ ရွာ အရှေ့တောင်စူးစူးမှာ သူတော်ချောင်၊ သူတော်ဂူ၊ သူတော်ကောင်းစတဲ့ နာမည် တွေတောင် ခုထိရှိနေသေးတာကလား..."

ကျွန်တော် အင်မတန်သိချင်ခဲ့၍ နှစ်ရှည်လများ စောင့်စားခဲ့ရသည့် အခွင့်အရေးကို ယခုအခါ၌ ကောင်းစွာအသုံးချခွင့်ရရှိပေပြီ။ ထို့ကြောင့် ဦးဘိုးသုံတို့ လူစုဆီမှတစ်ဆင့် ယခုကျွန်တော် စုဆောင်းမှတ်သားကာ သုတေသန လုပ်ခဲ့ရသည်။ ထူးဆန်းသော လူသူတော်၏ အတ္ထုပ္ပတ္တိ

mgyoe.com

mgyoe.com


အကြောင်းအရာများကို ကျွန်တော်၏ စာပေပရိသတ်သို့ အစီရင်ခံခွင့် ရရှိလိုက်ပေပြီ။

အမှတ်တစ်အချက် ကျွန်တော်ကိုယ်တိုင် ကြားဖူးခြင်းနှင့် အမှတ်နှစ်အချက် သူတော်အပေါ် ဗြိတိသျှအစိုးရ၏ စွပ်စွဲချက်မှတ်တမ်း (ဂျီဒီ)စာအုပ်ကြီး သက်သေခံရလိုက်ခြင်း၊ အမှတ်သုံးအချက်မှာ လူသူတော်အကြောင်း မျက်မြင်ကိုယ်တွေ့ နီးနီးကပ်ကပ် သက်သေပုဂ္ဂိုလ်များ အခိုင်အမာရရှိလိုက်ခြင်းတို့မှတစ်ဆင့်၊ ဤကဲ့သို့ စိတ်ပညာရေးရာဘက်၌ ကျော်ကြားပေါက်ရောက်သော "ဂူနန်းရှင်" ဝတ္ထုကြီးကို အောင်မြင်ပြီးစီးစွာ ရေးသားမှတ်တမ်းတင်အပ်ပါကြောင်း။

◆

mgyoe.com

mgyoe.com

## ဝိသေသထူးခြားသောဒေသ

ပျော်ဘွယ်ရဲဌာနအပိုင် အရှေ့ဘက်လျှော်ဖြူကွင်းရွာများ၏ အရှေ့ဘက်ခြေကား ရှမ်းရိုးမ၏ အနောက်ဘက်တောင်ခြေ ရေလဲဒေသများပင်ဖြစ်၏။ ရာသီဥတုအနေနှင့် မိုးများခြင်း၊ မြေသြဇာကောင်းခြင်း၊ မြေရိုင်းများ ကျယ်ပြန့်ခြင်းစသည့် အချက်အချာများကြောင့် ထိုဒေသရှိ ကျေးရွာများအဖို့ ဝမ်းစာဖူလုံရုံသာမက စိုက်ပျိုးသော သီးနှံစပါးများမှာ ရောင်းချရာ၌ အရောင်းသွက်ခဲ့သည်။ ထို့အပြင် ရှမ်းပြည်နယ် ပင်လောင်းနယ်တစ်လျှောက်မှ မပြတ်တမ်း ဆင်းလာသည့် ရှမ်းကုန်များ၊ လက်ဖက်ခြောက်၊ သနပ်ခါး၊ ငရုတ်သီး၊ ကြက်သွန်ဖြူ စသည့် ပစ္စည်းများအနေနှင့်လည်း ဖော်ပြပါ လျှော်ဖြူကွင်းရွာတို့တွင် ကုန်စည်ဖလှယ်ရေး အခြေခံရွာစခန်းများအနေနှင့် အလုပ်အကိုင် ဖြစ်ခဲ့ခြင်းတို့ကြောင့် ကျေးရွာများ၌ အိမ်ကြီးအိမ်ဟောင်းများနှင့် ပြည့်နှက်ခဲ့ပေ၏။

ရွာများ၏ အရှေ့ဘက်၌မူကား ညို့နေအောင် တောတောင်ထူထပ်ကာ ကျွန်းသစ်၊ ပျဉ်းကတိုး၊ သစ်ရာ အစရှိသည့် မြန်မာ့အဖိုးတန် ရတနာများထွက်ရာ တောတောင်ဒေသများ ရှိနေခြင်းကြောင့် သစ်လုပ်ငန်း ကုန်သည်၊ ပွဲစားတို့၏ ကျက်စားရာ အခြေခံကျေးရွာများပင် ဖြစ်ပေ၏။

ဖော်ပြပါ ကျေးရွာများတွင် အရောင်းအဝယ်အခြေခံပစ္စည်း ဥစ္စာကြွယ်ဝနေသလို ဒိုင်နယ်သူကြီး ဦးကျော်ထွန်း၏ နာမည်မှာလည်း

mgyoe.com

mgyoe.com


အတော်ကြီးမားလှပေ၏။ အထူးအာဏာရရှိသူဖြစ်ပြီး အာဏာပွဲများတွင် ဆုတော်လာဘ်တော်များ ပေးရာ၌ ဦးကျော်ထွန်းအဖို့ နာရီ၊ ငွေဓား၊ နာမည်ကောင်း၊ အမှုထမ်းကောင်းလက်မှတ် တစ်ခုခုမပါလျှင် အာဏာပွဲ မဖြစ်သလောက် အမှုထမ်းကောင်းခဲ့သော ထက်မြက်သော ဩဇာရှင်သူကြီးလည်းဖြစ်ပေ၏။

သူ့၌မယားနှစ်ယောက်အပြင် တိတ်တိတ်ပုန်းရော၊ အမြှောင်ရော တော်တော်များများ ထားရှိခြင်းသတင်း၊ အရက်ကို မိုးမလင်းတမ်း သောက်လေ့ရှိခြင်း၊ သတင်းတွင် ရပ်ရွာကိုအုပ်ချုပ်ရာ၌ ရက်ရက်စက်စက် အုပ်ချုပ်လေ့ရှိခြင်း၊ အထက်အရာရှိကြီးငယ်များအဖို့၌ ဦးကျော်ထွန်း၏ စကားတစ်ခွန်းနှင့် ကိစ္စပြီးနိုင်ကြောင်းသတင်းလည်း အပြိုင်အဆိုင် ထွက်ပေါ်နေပါတော့သည်။

သူ၏မယားကြီး ဒေါ်သောင်းရင်၌ သားသမီးနှစ်ယောက်ထွန်းကားခဲ့သည်။ သားကြီးကမောင်မြဆိုင်ဖြစ်၍ သမီးပျိုကား မအေးမြိုင်အမည်ရှိပြီး တောပန်းတစ်ပွင့်၏ အလှဂုဏ်သတင်း၌လည်း ထိပ်ဆုံးကပါလျက်ရှိတော့သည်။

ဦးကျော်ထွန်းအိမ်သည် တိုက်နယ်သူကြီးရုံးဖြစ်သလို၊ အိမ်လည်းဖြစ်သည်။ ဦးကျော်ထွန်းဂေဟာကို လျှော်ဖြူရွာလယ်တွင် တခမ်းတနားနှင့်တွေ့နိုင်သလို သူ၏မယားကြီးဒေါ်သောင်းရင်နှင့် သားကြီးသမီးကြီးများပါထိုအိမ်၌ တင့်တင့်တယ်တယ် နေထိုင်ခဲ့ကြသည်။ သူ၏မယားငယ် မအောင်ကြည်မှာမူ ချင်းရွာတွင် အိမ်ကြီးတစ်ဆောင်ဖြင့် သီးခြားထားရှိခဲ့သည်။

နာမည်ကြီးလှသော ဦးကျော်ထွန်း၏ တိုက်နယ်တစ်ကြော ကျေးရွာတစ်ကြောသည် သက်ဆိုင်ရာအစိုးရ အမှုထမ်း၊ အရာထမ်း၊ ပုလိပ်များ၊ သစ်တောဘက် အရာများ၊ မြေတိုင်းဘက်ဆိုင်ရာများ အမှုထမ်းတို့၏ ပျော်မွေ့ကျက်စားရာ စခန်းလည်းဖြစ်ပေ၏။ တောပစ်၊ အမဲပစ်ဝါသနာပါသူများအနေနှင့်လည်း လျှော်ဖြူကွင်းရွာမှ အရှေ့ဘက်တောင်ခြေနှင့် တောတန်းကရေကန်အသင့်၊ ကြာအသင့်ကဲ့သို့ ဖန်တီးလျက် တောလည်၍ ကောင်းလှသော ဒေသတစ်ခုနှင့်တွေ့နိုင်ပေသည်။

လျှော်ဖြူကွင်းရွာ အရှေ့ဘက်တောင်တန်းကြီးနှင့် တောများအနက် လျှော်ဖြူကွင်းရွာနှင့် ငါးမိုင်ကျော်မျှဝေးသော တောင်ခုလတ် နယ်မြေကို

mgyoe.com

mgyoe.com

မူကား ထိုဒေသနယ်ပယ်က လူများက အမြတ်တနိုးထား၍ အသိအမှတ် ပြုကြသည်။

အကျယ်အဝန်းအားဖြင့် တောင်မှမြောက်သို့ လေးမိုင်၊ အရှေ့မှအနောက်သို့ လေးမိုင်ခန့်အတွင်း၌ မြေပြင်သည် တောင်ခြေထက် ပေတစ်သောင်းကျော်ခန့် မြင့်မားလျက် မြေမျက်နှာပြင်သည် ကြက်ထားသကဲ့သို့ အင်မတန် ညီညာလျက်ရှိသည်ကို တွေ့ကြရပေလိမ့်မည်။ မြေအနေအထား ညီညာသကဲ့သို့ သစ်ပင်များ၏ပေါက်ရောက်မှု အနေအထားမှာလည်း အင်မတန် ထူးဆန်းအံ့သြဖွယ် ကောင်းလှပေ၏။

ကျွန်း၊ ပျဉ်းကတိုးများအပြင် စကားစိမ်း၊ စကားဝါ၊ သဇင်၊ ကရဝေးနနွင်း၊ ဇီရာ၊ ဖုံးမသိန်– စသည့်ဆေးဖက်ဝင်သော သစ်ပင်များမှာ တညီတညာတည်း ဆယ်ပေထက်မမြင့်သော အနေအထားဖြင့် လူသူမပြုမပြင်ဘဲ ပေါက်ရောက်နေသလို၊ မြေမျက်နှာတစ်လျှောက်၌ လိုဏ်ခေါင်းများ၊ ဂူများ၊ ရေစမ်းများဖြင့် ပြည့်နှက်လျက်ရှိကြောင်းတွေ့ရပေ၏။ ပြိုပျက်နေသော ဘုရားဟောင်း၊ စေတီဟောင်းများနှင့် တံခွန်တိုင် ငှက်မြတ်နားနှင့်တကွ အရိပ်အာဝါသ ကောင်းလှသည့် မန်ကျည်းပင်၊ ထန်းပင်၊ အုန်းပင်တို့ကိုလည်း မြိုင်ဆိုင်စွာ တွေ့ရပြန်သည်။

သို့ရာတွင် ထာဝစဉ် ၎င်းထူးဆန်းသောနေရာဒေသကို စောင့်ရှောက် မွမ်းမံသူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ချေ။ ထိုဒေသကိုတကူးတကန့် သွားရောက်၍ လျှော်ဆုတ်ခြင်း၊ ပျားဖွပ်ခြင်း၊ သစ်ခုတ်ခြင်း၊ အမဲလိုက်သွားကြသည့်မုဆိုးနှင့် သစ်ခုတ်သမားများ၏ ပြောပြချက်အရဆိုလျှင် တစ်ခါတစ်ရံ၌မူ ဖိနပ်မပါသော လူခြေရာ အသစ်များ တွေ့ရကြောင်း၊ လွန်ခဲ့သောရက်ပိုင်းအတွင်းက တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် ဖော်ပြပါဒေသ၌ လာရောက်၍ ခေတ္တခဏလောက်သဘောမျိုး စခန်းချကာ သွားလာနေထိုင်ခဲ့သည့် လက္ခဏာများလည်း တွေ့ခဲ့ကြကြောင်း၊ သို့ရာတွင် ၎င်းတို့၏ထင်မြင်ချက်နှင့် ကွင်းဆက်ဖြစ်နေသော ဖော်ပြပါထူးခြားလှသည့် ဒေသတစ်လျှောက်၌ကား မကြာခဏဆိုသလို တောဆင်အုပ်ကြီးများ ရောက်ရှိ ကျက်စားခြင်း၊ ကျားများခိုအောင်းရာ နေရာဖြစ်ခြင်း၊ ပြောင်နှင့်စိုင်အုပ်များ၏ မကြာခဏ လှည့်လည်ကျက်စားရာ ဒေသဖြစ်ခြင်းနှင့် ရှည်လျားကြီးမားသော ငန်းမြွေ

mgyoe.com

mgyoe.com


ကြီးများကို တွေ့ရသည့် နောက်ဆက်တွဲ သတင်းများပင်ဖြစ်ပါသည်။

သာမန်လူတစ်ယောက်အဖို့ မဆိုထားဘိ၊ အသင်းအဖွဲ့နှင့်လူသားတို့ ပင်လျှင် တာဝန်မှအပ ဖော်ပြပါဒေသသို့ ညအိပ်ညနေသွားရန် ရှောင်ရှားကြ သည်။ နောက်ဆက်တွဲသတင်းကား ထိုနေရာ၌ နတ်ကြီးခြင်း ဟူသော သတင်းပင် ဖြစ်ပေ၏။ နတ်ကြီးခြင်း အဓိပ္ပာယ်မှာ ထိုနေရာ၌ အမှားအယွင်း မခံခြင်းဖြစ်သည်။ အမဲပစ်ခတ်၍ လုံးဝမရခြင်း၊ တောလည်မုဆိုးများအဖို့ သားကောင်ရှာ မတွေ့ရုံသာမက မျက်စိလည်ခြင်းအဖတ်တင်၍ ပြန်ရသူ များလှပေ၏။ တောလည်မုဆိုးများအဖို့ တစ်ကြိမ်မှနစ်ကြိမ်အထိ အရဲစွန့်၍ တောလည်လာသူများကို ကျားနှင့်ဖြစ်စေ တောဆင်နှင့်ဖြစ်စေ၊ ရင်ဆိုင်စေ သည့် နိဂုံးချုပ်ဖြင့် တောလည်မုဆိုးတို့ကို လမ်းပိတ်စေ၏။

ဖော်ပြပါဒေသသို့ မလွဲမရှောင်သာ၍ သွားလာရသူများအဖို့ ညစ် ညမ်းသော ဆဲရေးခြင်းများ ရှောင်ရှားရ၏။ မသမာသော လုပ်ငန်းများကို လည်း မလုပ်စေရခြင်း၊ ဥပမာ နွားခိုးရန်အကြံအစည်နှင့်သွားခြင်း၊ ဓားပြ တိုက်ရန် လုယက်ရန်အကြံအစည်နှင့် သွားခြင်းမျိုးဖြစ်သည်။ မဆင်ခြင် သွားလာသည့် စိတ်သဘောဖြင့် မဖြောင့်သူများကို သုံးလေးရက်ထမင်းတော် အောင် မျက်စိလည်ပြီးမှ ဒုက္ခအမျိုးမျိုးနှင့် အသက်မသေဘဲ ရင်ဆိုင်ခဲ့ရပြီးမှ၊ လက်စပြန်တွေ့ခြင်း စသည့်ကြောက်မက်ဖွယ်ရာ ဒဏ်ခတ်ခြင်း– စသည့် သတင်းကြီးနေသော နေရာများဖြစ်ပေသည်။

ထိုဒေသကို ရှေးလူကြီးများက **"ဝှနန်းရှင်နယ်မြေ"** ဟူ၍ နာမည်ပေး ခေါ်ဝေါ်ခဲ့ကြသည်။ မည်သည့်အတွက် မည်သူ့ကိုရည်ရွယ်၍ မည်သည့်အကြောင်း ကြောင့် ဤနာမည်ကိုခေါ်ဝေါ်ရခြင်းကို စုံစမ်းရာ၌ လူသူတော်ကောင်းကြီး၏ နေထိုင်ရာ နေရာမွန်၊ နေရာမြတ် စစ်စစ်ဖြစ်ကြောင်း၊ တရားရှိသူများနှင့် တရားရှင်များအတွက် ရှေးအစဉ်အလာအရ အောင်မြေဌာနမှန်လည်း ဖြစ် ကြောင်း။

မြန်မာရှင်ဘုရင်လက်ထက် ဖော်ပြပါဒေသကို ဘေးမဲ့ဒေသသတ်မှတ် ၍ သားကောင်ပစ်ခတ်ခြင်းမရှိစေရန် အမိန့်တော်ပြန်ခဲ့ရသော နေရာမွန်ဖြစ်ပြီး လူတွေ့မခံလိုသော တရားရှင်တို့၏ မှီခိုအားထားရာ သူတော်ကောင်းတို့၏ ကျောင်းဇရပ်ဂူလိုဏ်များဖြင့် ပြီးသော၊ ပြည့်နှက်သော အထွတ်အမြတ် နေရာ

mgyoe.com

mgyoe.com


ဖြစ်သောကြောင့် "ဂူနန်းရှင် နယ်မြေ"ဟူ၍ ခေါ်ဝေါ်ကြခြင်းဖြစ်ကြောင်း အဖြေခပ်တိုတို ပေးကြလေသည်။

သို့ရာတွင် လောကကြီးတွင် ဆန့်ကျင်ဘက်ဓာတ် ဟူ၍အဖြူရှိလျှင် အမည်းရှိခြင်း၊ အဖြောင့်ရှိလျှင် အကောက်ရှိခြင်း၊ အအေးရှိလျှင် အပူရှိခြင်း စသည့် ဆန့်ကျင်ဘက် အင်အားစု ပေါ်ထွက်မြဲဓမ္မတာ အတိုင်းဖော်ပြပါ ဂူနန်းရှင်နယ်မြေကို လုံးဝမယုံသင်္ကာရှိကြသည့်၊ မထီလေးစား ရှိကြသည့် ရွာသူရွာသားများလည်း ရှိကြပေ၏။ အကြောင်းမဲ့ယုံကြည်နေကြသည်။ အဓိပ္ပာယ်မရှိ ကြောက်လန့်နေခြင်း စသည်ဖြင့် ပြောဆိုစွပ်စွဲကာ ဂူနန်းရှင် နယ်ကြောကို ရှုတ်ချကာ အပြစ်တင်သူတွေလည်းရှိကြပေ၏။

ရာသီအလိုက်ပွင့်ကြကုန်သော သဇင်၊ ဂမုန်း၊ ချိတ်ကပ်၊ ပိတောက်၊ ရင်ခတ် စသည့် တောပန်းများကို ရိုးသားစွာ အသက်မွေးသူများ အဖို့ဂူနန်းရှင်နယ်မြေသည် ပန်းခူး၍ရောင်းရန် အကောင်းဆုံး၊ ဘေးအကင်းဆုံးဒေသ ဖြစ်စေ၏။ အဖိုးထိုက်တန်လှသော သဇင်ပန်းနှင့် ဂမုန်းပန်းစုံတို့ကို ပျော်ဘွယ်၊ ရမည်းသင်းဈေးများသို့ ဈေးကောင်းကောင်းနှင့် ရောင်းရန်အတွက် ပန်းသည်များ၏ ကျောထောက်နောက်ခံနယ်များမှ ဂူနန်းရှင် နယ်မြေဖြစ်စေပြီး ရာသီအလိုက်ဖူးပွင့်ကြသည့် ပန်းမျိုးစုံကြောင့် ပန်းသည် များအနေနှင့်လည်း တစ်လတစ်ကြိမ်လောက်ဆိုသလို ဂူနန်းရှင်နယ်မြေသို့ အစုလိုက်၊ အဖွဲ့လိုက် ပန်းရှာရေးအတွက် ရောက်ရှိလာလေ့ရှိကြသည်။

အချိန်သမယကား မိုးအကုန် ဆောင်းဘက်သို့ လုခဲ့သောကာလပင်...

ပေါင်းမိုးနှင့်လှည်းတစ်စီးသည် ချူသံ၊ ခလောက်သံ မြိုင်မြိုင်နှင့် လျှော်ဖြူရွာအတွင်းသို့ ခပ်မြိုင်မြိုင်မောင်းနှင်ဝင်ရောက်လာတော့၏။ လှည်းအတွင်း၌ကား ကျောင်းပိတ်သည့် အကွက်ကောင်းနှင့် ကြုံကြိုက်နေသ ဖြင့် ပျော်ဘွယ်ရဲဌာနအုပ် ဦးထွန်းဆိုင်၏ သားကြီးမောင်တိုးမောင်နှင့် သမီး ကြီးမအောင်ကြည်တို့ ဖြစ်ကြသည်။ သူတို့သည် လျှော်ဖြူရွာသူကြီး ဦးကျော်ထွန်း၏ရွာသို့ အလည်အပတ် ထွက်လာကြသည်။

သူတို့အတွက် အစောင့်အရှောက်အနေနှင့် ထိုဒေသသို့ တာဝန်နှင့် ပူးတွဲ၍ စစ်ဆေးရေးတာဝန်ပါ ပေးအပ်လိုက်သည့် စာသင်ဦးညီပုနှင့် ရဲသားနှစ်ဦးတို့ပါ ပါရှိလာခဲ့ကြသည်။ မောင်တိုးမောင်သည် ပျော်ဘွယ်မြို့

mgyoe.com

 mgyoe.com 

အထက်တန်းကျောင်း၌ ဇ၀တန်း–ပညာ သင်ကြားနေသော ခေတ်မီသည့် လုလင်ပျို တစ်ဦးဖြစ်သည်။ ကျန်းမာရေးနှင့် တောပစ်ခြင်း ဝါသနာကြီးလှသော ပုလိပ်အရာရှိတစ်ဦး၏ သားကြီးလည်း ဖြစ်လေသည်။ မအောင်ကြည်မှာ အစ်ကိုမောင်တိုး မောင်နှင့်အတူ အထက်တန်းကျောင်းတွင် ခုနစ်တန်းတွင် ပညာသင်ကြားနေ ရရှာသည့် အသက်ဆယ့်ငါးနှစ်ခန့်ရှိသည့် ကလေးမလေးတစ်ဦးဖြစ်ပါသည်။

မောင်တိုးမောင်သည် သူ့ဖခင်၏ ၁၂ဗို့ထိသေနတ်နှင့် ကျည်ဆန်များကို တမင်တကာ အချိန်ကောင်းတွင် ယူခဲ့သူဖြစ်၍ သူကြီးဦးကျော်ထွန်းသားကြီး၊ သူနှင့် တစ်တန်းတည်း ကျောင်းသားမောင်မြဆိုင်နှင့်အတူ တောပစ်ရန်ကြံ့တင်၍ ကျောင်းမပိတ်ခင်ကာလမှပင် စီစဉ်သတ်မှတ်ထားချက်အရ ခရီးထွက်လာခြင်း ဖြစ်သည်။

"တို့တော့ တာဝန်နဲ့မို့ကွာ၊ နို့မို့ရင် မောင်တိုးမောင်တို့နှင့် အတူအရှေ့ဘက်တစ်လွှား အမဲဝင်ပစ်ရရင် ဆတ်တို့၊ စိုင်တို့ပစ်နိုင်တယ်...

ဦးညီပုသည် ဆေးပြင်းလိပ်ဖွာရင်းပြောလိုက်ရာ...

"သုံးလေးရက်လောက် ကျွန်တော်တို့နဲ့ ဆိုင်းပြီး အမဲပစ်ပါလားဦးလေးရဲ့၊ အဖေ့ကိုကြည့်ပြီးပြောရင် ပြီးပါတယ် ဦးလေးရဲ့..."

မောင်တိုးမောင်သည် သူတို့နှင့် အမဲဝင်ပစ်ရန် တောင်းပန်လိုက်ရာ...

"မဖြစ်ဘူးကွာ၊ တို့က သာစည်နယ်စပ်အထိချီတက်ရမှာ...။ ပြီးတော့ လခထုတ်ရက်ကလည်း ကပ်နေတာမို့။ မောင်တိုးမောင်တို့ မောင်နှမအနေနဲ့တော့ သူကြီးဦးကျော်ထွန်းအိမ်မှာ သိပ်ပျော်ကြမှာပဲ။ အိမ်ကလည်းသိပ်ကျယ်ပြီး အခင်းအကျင်းက မြို့နဲ့မခြားဘူးကွ၊ အချက်အပြုတ် အကျွေးအမွေးကလည်း ပထမတန်းပဲ၊ အင်မတန် ဧည့်ဝတ်ကျေတဲ့သူကြီးပဲ ..."

ဦးကျော်ထွန်းကို အမွှမ်းတင်၍ပြောလိုက်သည်။

"ကောင်းတော့ကောင်းပါတယ် ဦးလေးညီပု၊ ဒါပေမဲ့သူကြီးဟာ အဖေ့လိုပဲ အရက်သောက်မိရင် လူမှန်းမသိချင်ဘူး။ ဘာကြောင့်လဲတော့မသိဘူး၊ ကျွန်တော်ကတော့ မပြောရဲလို့သာ။ အဖေရော သူကြီးရော အားကြီးရှုံ့ကြောက်ကြီး ကြောက်တယ်ဗျ။ အရက်နံ့ခံမိရင် တစ်နေ့လုံး ကျွန်တော်ခေါင်းကိုက်နေတာချည်းပဲ..."

mgyoe.com

mgyoe.com

တိုးမောင်က ပြောလိုက်သည်။

"အေးကွာ...အရက်သောက်တဲ့ နေရာမှာတော့ဆရာကြီးနဲ့သူကြီးဟာ တစ်ပုံစံတည်းပဲဟေ့၊ တို့လက်အောက်ငယ်သားတွေ ဆရာကြီး မူးမမူးဆိုတာကို ပထမဦးဆုံး စနည်းနာပြီးမှ တို့လိုရာတွေပြောဝံ့တယ်ကွ၊ မိုးမလင်းတမ်း တကယ်သောက်နိုင်တဲ့ လူတွေပဲ..."

စာသင်ကြီးဦးညီပုက ပြောလိုက်သည်။

လှည်းသည် ကျယ်ပြန့်သော ဝိုင်းကြီးအတွင်းသို့ ဇရာမတံခါးပေါက်ကြီးတစ်ပေါက်ကို ဖြတ်သန်းကာ မောင်းနှင် ဝင်ရောက်လိုက်သည်တွင်...

"ဟာ...တိုးမောင်တို့ပါကလား၊ မအေးမြိုင်ရေ... ကိုတိုးမောင်နဲ့ မအောင်ကြည်တို့ လာကြပြီဟေ့..."ဝမ်းသာအားရ အော်ဟစ်လိုက်သည့် သူကြီးသား မောင်မြဆိုင်၏အသံနှင့်အတူ...

"ဟယ်...လာကြပြီလား၊ကျောင်းပိတ်ကတည်းက တို့တစ်တွေမျှော်လိုက်ရတာကွာ၊ ဘဖေတို့ချစ်ပုတို့ လှည်းပေါ်ကပစ္စည်းတွေ သွားယူကြစမ်း၊ သာအေးနဲ့ ဘိုးပိန်တို့က ချက်ပြုတ်ဖို့ စီစဉ်ကြ။ ဆရာဦးညီပုလည်းပါလာသကိုး၊ အဆင်သင့်လိုက်လေဟယ်။ မနေ့ကတောင် မရင်ကအိမ်မှာ ဧည့်သည်မလာတာကြာလို့ ပျင်းနေပြီပြောနေတာနဲ့..."

လှိုက်လှိုက်လှဲလှဲ အသံကြီးဖြင့် ခပ်ဝဝကိုယ်လုံးကြီးကို ရှေ့မှဆီး၍ သူကြီးဦးကျော်ထွန်းသည် လှည်းဆီသို့ဆင်းလာကာ ခရီးဦးကြိုပြုလိုက်ကြသည်။

"ဌာနပိုင်ကြီးက သူ့သားသမီးတွေကို သူကြီးဆီပို့ရင်း နယ်လှည့်ဝတ္တရားပါ တွဲပေးလိုက်လို့ လိုက်ပို့ရတယ်သူကြီးရေ။ ဒီဘက်ကအားလုံး အေးအေးချမ်းချမ်းရှိရဲ့ မဟုတ်လား၊ ကျုပ်တို့ဒီဘက်လာရတာ ထမင်းကောင်းကောင်းစားပြီး ပြန်ရုံပါပဲလေ..."

ရယ်မောရင်း ဦးညီပုက မေးလိုက်ရာ...

"နားရွက် ရေဆွတ်ပါပဲ ဆရာဦးညီပုရယ်။ ဘယ်တုန်းကအသံကြားခဲ့ရလို့လဲ၊ ကျုပ်ဒိုင်နယ်မှာ အားလုံးမီးသေပြီးသားပဲဗျာ။ အသိသားနဲ့..."

သူကြီးသည် သူ၏ကျွမ်းကျင်နိုင်နင်းသော အုပ်ချုပ်မှုကို ဂုဏ်တင်ကြွားဝါလိုက်သည်။

mgyoe.com

"လမ်းမှာပြောလာကြသေးတယ်၊ မောင်တိုးမောင်နဲ့လေ။ ကျုပ်တို့ပါ အမဲဝင်ပစ်ရရင် သိပ်ကောင်းမှာပဲဆိုတာ၊ တာဝန်ဝတ္တရားနဲ့မို့လို့ပေါ့ဗျာ။ ခုအချိန် စိုင်အုပ်နဲ့ဆတ်တွေ အောက်ကျင်းဆင်းတဲ့ အချိန်ပဲသူကြီး..."

"သုံးလေးရက်လောက် ဝတ္တရားပြပြီး ကျုပ်တို့ရွာမှာ နေကောင်းပါရဲ့ ဗျာ။ ဌာနပိုင်ကြီးအနေနဲ့လည်း ဦးညီပုကို ပစားအပေးဆုံးပဲ မဟုတ်လား။ ဒီပြင်ဝတ္တရားတွေ ကျုပ်ရွာကိုရောက်ရင် အသာမေ့ပစ်လိုက်စမ်းပါ စာသင် ကြီးရယ်။ အနားယူရင်း အမဲပစ်ရင်းဆိုသလို နေမှပေါ့ဗျာ..."

သူကြီးကအတင်းဝင်၍ ဦးညီပုကိုဆွဲဆောင် တောင်းပန်လိုက်ပါ သည်။ ဧည့်ခန်းတွင်မူကား လူရွယ်လေးဦးသည် ဝမ်းမြောက်ဝမ်းသာစွာ စကားလက်ဆုံကျနေတော့သည်။

"အမဲကတော့ သိပ်ပေါတယ်။ တောင်ခြေယာခင်းကနေပြီးစောင့်ရင် တောင်ဆတ်နဲ့ဝက်ကတော့ သေချာပြီးသားပဲ။ ဒါနဲ့တိုးမောင် မင်းမှာကျည် ဆန်များများဆွဲခဲ့ရဲ့လား။ တို့သေနတ်မှာကျည်ဆန် ဆယ်တောင့်လောက်ပဲ ရှိတာမို့ သိပ်အားမရဘူး သူငယ်ချင်း..."

မြဆိုင်က မေးလိုက်သည်တွင်။

"ပါပါတယ် သူငယ်ချင်းရ၊ ကိုးလုံးကျည်ဆယ်တောင့်၊ ခြောက်လုံး– ကျည်ဆယ့်နှစ်တောင့်၊ ကျည်မငါးတောင့် စရိတ်က နံပါတ်တစ်နဲ့လေး၊ ရှစ်တောင့်ပစ်နိုင်ပါတယ်ကွာ။ ဖေဖေ့ကို ဒီကိစ္စအတွက် တကျည်ကျည် နားပူ ပေးရတယ် မြဆိုင်ရေ..."

"သောက်ကွာ၊ ကော်ဖီက နို့ကောင်းကောင်း စစ်စစ်နဲ့ဖျော်ထားတာ မို့ ပျော်ဘွယ်က ကော်ဖီထက် ပိုအရသာရှိပါလိမ့်မယ်..."

မြဆိုင်သည် အိမ်ရှင်ဝတ္တရားအတိုင်း ဧည့်ခံလိုက်သည်။

"မအောင်ကြည်တို့ မေမေဖို့ လက်ဆောင်ပေးဖို့ဆိုပြီး ဖေဖေနဲ့မေမေ ရှမ်းပြည်နယ်က စော်ဘွားလက်ဖက်ခြောက်အဆန်းတွေနဲ့ အင်းလေးဘက် က ပိုးလွယ်အိတ်တစ်လုံး မေမေဝယ်ပေးလိုက်တာ သိပ်ဈေးသက်သာတာပဲ မအောင်ကြည်ရေ၊ ကျောင်းဖွင့်ခါနီး ကျွန်မတို့မောင်နှမနှစ်ယောက်နဲ့အတူ ပျော်ဘွယ်ပြန်တာပေါ့၊ ကျောင်းအားရက်တွေမှာ ဒီရွာမှာပဲ ပျော်ပျော်ပါးပါးနေ ကြရအောင်နော်..."

mgyoe.com